BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

( ၁၅-၁-၉၉ )ရက်နေ့တွင် စတင်တည်ထောင်သည် | မြန်မာသက္ကရာဇ် ၁၃၆၄ ခုနှစ် * ခရစ်နှစ် ၂၀၀၃ ခုနှစ်၊ မတ် (၁) ရက် | အမှတ် (၃၆)

## တွေ့ဆုံဆွေးနွေးရေး ဖြစ်မြောက်လာရန် တိုင်းရင်းသားပြည်သူအားလုံး တိုက်တွန်းကြိုးပမ်းကြ



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အတွင်းရေးမှူး ဦးလွင်

အမေရိကန်အစိုးရနှင့် တွေ့ဆုံဆွေးနွေးလိုပါကြောင်း ဖိတ်ခေါ်ကမ်းလှမ်းခဲ့ရာ ထိုကမ်းလှမ်းချက်သည် စစ်အုပ်စုနှင့် အန်အယ်လ်ဒီတို့ တွေ့ဆုံဆွေးနွေးမှုကို အချိန်ဆွဲထားလို၍ဖြစ်ကြောင်း သံတမန်များက ယူဆခဲ့ကြသည်။ အချို့နိုင်ငံရေး လေ့လာသူများက မြန်မာနိုင်ငံအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများ ဦးဆောင်ပြုလုပ်နေသည့် အမေရိကန်အစိုးရအပေါ် နည်းဗျူဟာသစ်သုံး၍ အကူအညီများ ပြန်လည်ရရှိအောင် ရည်ရွယ်ပုံရကြောင်း ထင်မြင်ယူဆခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲနှင့် ပတ်သက်၍ နအဖ၏သဘောထားကို အန်အယ်လ်ဒီ ပြောရေးဆိုခွင့်ရှိသူ ဦးလွင်က ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သည့် ပြည်ထောင်စုနေ့ မိန့်ခွန်းကို ကိုးကားပြောဆိုခဲ့သည်။

ဦးလွင်က "နောက်ဆုံး ဒေါ်အောင်ဆန်းစုကြည်ရဲ့ (Command, Union Day) မှာ၊ အဲဒီမှာရှင်းနေတာပဲ။ 'ဟို ကျမ မေးချင်တယ်ပေါ့လေ။ နိုင်ငံတော်အစိုးရက ဆွေးနွေးချင်စိတ်ရော ရှိသေးရဲ့လားပေါ့။ တိုင်းပြည်ကို ချစ်တယ်၊ တိုင်းပြည်ကို ကောင်းအောင်လုပ်မယ်ဆိုရင် ပါးစပ်ကချည်း ပြောပြောနေတာထက် လက်တွေ့လုပ်ပြစမ်းပါ။ ပြဿနာဆိုတာ ရင်ဆိုင်ရမယ်။ ရင်ဆိုင်ဖို့အတွက် ဆွေးနွေးရမယ်။ သို့သော်လည်း ဆွေးနွေးဖို့က သတ္တိရှိဖို့လိုတယ်။ သတ္တိမွေးပါ။ ဒီလိုပဲ ပြောနေတယ်။ ပြောနေတဲ့အတွက် လက်တွေ့တော့ ဘာမှဖြစ်မလာဘူး။ ဒါကြောင့်မို့လို့ ဆွေးနွေးချင်စိတ်ရော ရှိသေးရဲ့လားပေါ့' အဲဒီအထိ ပြောတယ်။ ဒီစကားက ကုန်နေပြီဗျ"

နအဖ၏ ကမ်းလှမ်းမှုနှင့်ပတ်သက်၍ ရေဝတီက ဦးလွင်နှင့် ဆက်သွယ်မေးမြန်းခဲ့ရာတွင် "တကယ်လို့ တွေ့ဆုံဆွေးနွေးမယ်ဆိုရင် (US) အမေရိကန်ပြည်ထောင်စုတို့ ဘာတို့ မလိုပါဘူး" ဟု ပြောကြားခဲ့သည်။

အမေရိကန်အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူက စစ်အစိုးရအနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တွေ့ဆုံဆွေးနွေးခြင်းသာ အရေးကြီးကြောင်းပြောခဲ့သည်။ ❖

### ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏ အမြင်။



ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ
အထွေထွေအတွင်းရေးမှူးဦးအေးသာအောင်

အမေရိကန်ကို ဖိတ်တာထက်စာရင် ပြည်တွင်းမှာဖြစ်နေတဲ့ပြဿနာကို ပြည်တွင်းမှာရှိတဲ့အဖွဲ့အစည်းတွေအားလုံး အမျိုးသားရေး တာဝန်တရပ်အနေနဲ့ တွေ့ဆုံဆွေးနွေးပြီးတော့ ဖြေရှင်းကြတာအကောင်းဆုံးလို့ပဲ မြင်ပါတယ်။

အထူးသဖြင့် လက်ရှိ အာဏာပိုင်များနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ စတင်ဆွေးနွေးပြီးတော့ နိုင်ငံရေး၊ စီးပွားရေး အကျပ်အတည်းတွေကို ဖြေရှင်းမယ်၊ အဲဒီကတဆင့် တိုင်းပြည်မှာဖြစ်ပေါ်နေတဲ့ တိုင်းရင်းသား ပြဿနာတွေကိုပါ တိုင်းရင်းသားနိုင်ငံရေးပါတီတွေနဲ့ တွေ့ဆုံဆွေးနွေးတာဟာ အကောင်းဆုံးလို့ပဲ မြင်ပါတယ်။ တိုင်းရင်းသား ပြည်သူတရပ်လုံး အနေနဲ့ကလည်း တွေ့ဆုံဆွေးနွေးရေး ဖြစ်မြောက်လာဖို့အတွက် တိုက်တွန်းကြိုးပမ်းဖို့လိုပါတယ်။ နိုင်ငံတကာအနေနဲ့လည်း အမြန်ဆုံး တွေ့ဆုံဆွေးနွေးဖြစ်ဖို့ နည်းပေါင်းစုံနဲ့ တွန်းအားပေးဖို့ လိုတယ်။ ❖

## ဒီမိုကရေစီရေးအတွက် နိုင်ငံတကာဖိအားပေးမှု ဆက်လက်ထားရှိရမည်ဟု ဒေါ်အောင်ဆန်းစုကြည်က ထုတ်ဖော်ပြောဆို



၁၉၉၁ ခုနှစ်၏
နိုဗယ်လ်ငြိမ်းချမ်းရေးဆုရှင်
အမေရိကန်နိုင်ငံသူ မစ္စဂျိုဒီဝီလျံ

**ဖေဖော်ဝါရီ၊ (၁၉) ရက်။**

စစ်အုပ်စုကြီးစိုးနေသည့် မြန်မာနိုင်ငံကို ဒီမိုကရေစီစနစ်သို့ ရွေ့ရှုရန် နိုင်ငံတကာက ဖိအားပေးသင့်ကြောင်း လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ထုတ်ဖော်ပြောကြားလိုက်သည်။

ငြိမ်းချမ်းရေး နိုဗယ်လ်ဆုရှင်များက ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံအားပေးကြောင်း သတင်းစကားကိုပါးရန် ယခုသတင်းပတ်အတွင်း မြန်မာနိုင်ငံသို့ သွားရောက်ခဲ့သည်။ ငြိမ်းချမ်းရေး နိုဗယ်လ်ဆုရှင်တဦးဖြစ်သူ မစ္စဂျိုဒီဝီလျံနှင့် ရန်ကုန်မြို့ နေအိမ်၌တွေ့ဆုံစဉ် မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင်က ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ကိုယ်တိုင် ငြိမ်းချမ်းရေး နိုဗယ်လ်ဆုရှင်ဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်က ဒီမိုကရေစီစနစ် ပြောင်းလဲရေးအတွက် နအဖသည် အန်အယ်လ်ဒီနှင့် တိုင်းရင်းသားလူမျိုးများကို တွေ့ဆုံဆွေးနွေးရမည်ဟု မစ္စဂျိုဒီဝီလျံနှင့် တွေ့ဆုံပြောကြားခဲ့ပြီး မြန်မာနိုင်ငံ ဒီမိုကရေစီ ဖော်ဆောင်ရေးတွင် ပြည်တွင်းပြည်ပ ဖိအားပေးမှုများ အရေးကြီးကြောင်း ရှင်းလင်းစွာ ပြောဆိုခဲ့သည်။ ထိုသို့ ဖိအားပေးမှုကြောင့် ယနေ့အခြေအနေသည် ယခင်ကထက် ကွဲပြားခြားနားလာသည်ကို တွေ့မြင်ရသည်ဟု ဆိုသည်။

ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာ့နိုင်ငံရေး ရှေ့အလားအလာများနှင့် ပတ်သက်၍ အကောင်းဘက်က ရှုမြင်ပါကြောင်း ပြောကြားပြီး၊ ဒီမိုကရေစီလှုပ်ရှားမှုသည် အချိန်အတော်ကြာမြင့်လာပြီဖြစ်၍ မြန်မာလူထုအနေနှင့် ယခုထက်ပိုမိုစောင့်ဆိုင်းရန် မသင့်တော့ကြောင်း၊ သို့သော် မိမိအနေဖြင့် ဒီမိုကရေစီ ရရှိလိမ့်မည်ဆိုခြင်းကို အခိုင်အမာယုံကြည်နေကြောင်း ပြောကြားသွားခဲ့သည်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင်နှင့် တွေ့ဆုံရန် မြန်မာပြည်သို့သွားရောက်ခဲ့သူ မစ္စဂျိုဒီဝီလျံသည် ကမ္ဘာအနှံ့ မြေမြှုပ်မိုင်းအသုံးပြုနေမှုများကို ဆန့်ကျင်စည်းရုံး လှုံ့ဆော်သူ အမေရိကန်နိုင်ငံသူတဦးဖြစ်ပြီး ထိုဆောင်ရွက်မှုများကြောင့် ၁၉၉၇ ခုနှစ်တွင် နိုဗယ်လ်ငြိမ်းချမ်းရေးဆု ချီးမြှင့်ခြင်း ခံခဲ့ရသည်။

❖ ❖ ❖

## မြန်မာ့အရေးဆွေးနွေးရန် အမေရိကန်ကို နအဖက ဖိတ်ခေါ်

**ဖေဖော်ဝါရီ၊ (၂၀)ရက်။**

နအဖအစိုးရက အပြုသဘောဆောင်သော တွေ့ဆုံဆွေးနွေးရေးတွင် အမေရိကန်ပြည်ထောင်စုအား ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်ရန် ကြိုဆိုဖိတ်ခေါ်သည့် ကြေညာချက် တစောင်ကို ထုတ်ပြန်လိုက်သည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်း အမေရိကန်အစိုးရက မြန်မာနိုင်ငံအပေါ် ဆက်လက်ပိတ်ဆို့ဒဏ်ခတ်သွားရန် စဉ်းစားနေကြောင်း ပြောဆိုခဲ့သည့်အပေါ် နအဖစစ်အုပ်စုက ကြေညာချက်ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

ဝါရှင်တန်၌ (၂)ရက်ကြာကျင်းပခဲ့သည့် မြန်မာပြည်လွတ်မြောက်ရေးညွန့်ပေါင်းအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးတွင် လူ့အခွင့်အရေး၊ ဒီမိုကရေစီနှင့် အလုပ်သမားရေးရာ အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Lorne Craner က မြန်မာနိုင်ငံတွင် နှောင့်နှေးကြန့်ကြာနေသည့် နိုင်ငံရေးအသွင်ကူးပြောင်းမှု ခြေလှမ်းများအပေါ် သံသယရှိကြောင်း၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအစရှိသည့် အခြေအနေများနှင့် ပတ်သက်၍လည်း စိုးရိမ်ပူပန်မိကြောင်း ပြောဆိုသွားခဲ့သည်။ အမေရိကန်အစိုးရအနေဖြင့် မြန်မာနိုင်ငံအပေါ် စီးပွားရေး ဒဏ်ခတ်ပိတ်ဆို့မှုများ ထပ်မံပြုလုပ်သွားရန် စဉ်းစားနေသည်ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။

မြန်မာနိုင်ငံအပေါ် အမေရိကန် အစိုးရ၏ သဘောထားများ ထွက်ပေါ်လာခဲ့ပြီးနောက် (၅) ရက်အကြာတွင် နအဖ သတင်းထုတ်ပြန်ရေးဌာနက မြန်မာအစိုးရအနေဖြင့် ချောမွေ့တည်ငြိမ်သော ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို ဦးတည်လုပ်ဆောင်နေကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး အခြေအနေ၊ လူသားချင်း စာနာထောက်ထားရေးကိစ္စရပ်များနှင့် ပတ်သက်၍ အမေရိကန်အစိုးရနှင့် အပြုသဘောဆောင်သော ဆွေးနွေးမှုများ ပြုလုပ်လိုပါကြောင်း ကြေညာချက်၌ ဖော်ပြထားသည်။

ထို့ပြင် မိမိတို့အစိုးရအနေနှင့် စစ်မှန်သော ပြောင်းလဲမှုများအတွက် အခြေခံအုတ်မြစ်ကောင်းများ တည်ဆောက်နေချိန်တွင် မစ္စတာခရင်နာ၏မှတ်ချက်များသည် ဆန့်ကျင်ဘက်ချဉ်းကပ်မှုများကိုသာ ဖော်ပြထားသည့်အတွက် စိတ်ပျက်မိပါကြောင်း ရေးသားထားပြီး၊ ပိတ်ဆို့အရေးယူမှုသည် အပြန်အလှန်အကျိုးဖြစ်ထွန်းမှုကို ဟန့်တားခြင်း တရပ်သာဖြစ်သည်ဟုဆိုသည်။ ပိတ်ဆို့မှုများသည် မြန်မာပြည်သူများကို ပိုမိုဆိုးဝါးစေမည်သာဖြစ်သည်ဟု ဖော်ပြထားသည်။

❖ ❖ ❖

မင်းဆိုးကို မိုးကြိုး ပစ်ပြီ

## အယ်ဒီတာ့အာဘော်

# တိုင်းပြည်၏ ဆိုးဝါးသောရလဒ်များကို စစ်အာဏာရှင်တို့ တာဝန်ယူရမည်

၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလဆန်းမှစ၍ မြန်မာနိုင်ငံ၏ ဘဏ်စနစ်ပြိုလဲပျက်စီးမှု စတင်ခဲ့သည်။ အာရှဝဲနေ၊ ရိုးမ၊ ကမ္ဘောဇ၊ မေဖလားဝါးနှင့် ယူနီဗာဆယ်စသည့် ဘဏ်ကြီးငါးခုလောက်ကလွဲ၍ ကျန်ဘဏ်အသေးစားများ၏ အနာဂတ်မှာ မရေမရာဖြစ်ခဲ့ရသည်။ ငွေအပ်ထားသူများမှ ငွေထုတ်ယူ၍မရခြင်း၊ ထုတ်ငွေကန့်သတ်ခြင်း၊ ငွေလွှဲ၊ ငွေပို့ခြင်းကို ကန့်သတ်ခြင်း၊ အေတီအမ်ကဒ်နှင့် ငွေထုတ်စနစ်ကို ရပ်ဆိုင်းခြင်း၊ ငွေချေးယူထားသူများထံက ငွေကို ဘဏ်ကပြန်တောင်းခြင်း၊ တိုကင်ပြားစနစ်နှင့် ဦးရေကန့်သတ်ပြီး ငွေထုတ်ပေးနေရခြင်း၊ ပြည်ထောင်စုဘဏ်၌ စဘော်တင်ထားသည့် ငွေများကို ဘဏ်တွေကပြန်တောင်းခြင်း စသည်များ ဆက်တိုက်ဖြစ်ပေါ်လာပြီး ဘဏ်စနစ်၊ ငွေကြေးစနစ်အပေါ် ပြည်သူလူထု၏ ယုံကြည်မှုမှာ အနိမ့်ဆုံးအဆင့်သို့ ရောက်ခဲ့ရပြီ ဖြစ်ပါသည်။

ဤပြဿနာ၏ အဓိကတရားခံမှာ တိုင်းပြည်၏အကျိုးစီးပွားကို မငဲ့ကွက်ဘဲ ၎င်းတို့အာဏာတည်မြဲရေးကိုသာ အားထုတ်လုပ်ဆောင်နေသည့် နအဖ၏ တလွဲတချော် စီးပွားရေးစီမံခန့်ခွဲမှုပေါ်လစီကြောင့် ဖြစ်သည်။ ဘဏ်၏ လည်ပတ်ငွေကြေးများမှာလည်း မူးယစ်ဆေးမှောင်ခိုလုပ်ငန်းမှ တရားမဝင်ငွေကြေးများကို ငွေဖြူအဖြစ် လျှော်ဖွပ်သည့် ငွေကြေးများအပေါ်တွင်သာ အဓိက မှီခိုအားထားနေသောကြောင့်လည်း ဖြစ်သည်။

နအဖသည် ကုန်ထုတ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုမရှိသောကြောင့် တိုင်းပြည်၏ ကုန်ထုတ်စွမ်းအားမှာ တိုးတက်လာမှု မရှိခြင်း၊ တိုက်တာအဆောက်အအုံများ (Real Estate) လိုအပ်သည်ထက် ဆောက်လုပ်ခြင်း (Macro Economic) အမြင်အပေါ်တွင် အခြေခံမဘဲ၊ (Micro Economic) အမြင်အပေါ်တွင်သာ အခြေခံသော စိတ်ကူးတဲ့ရာလမ်းဖောက်၊ တံတားဆောက် စီမံကိန်းများကြောင့် ဘဏ်လုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမှုများသည် တိုင်းပြည်စီးပွားရေးတိုးတက်မှုကို အထောက်အကူ မပြုခြင်းကြောင့် တိုင်းပြည်၏ စီးပွားရေးမှာ ကျဆင်းလာသည်။ ထို့အပြင် နိုင်ငံတကာ ငွေကြေးဈေးကွက်နှင့် ဆက်စပ်၍ မရသော ပုံသေငွေလဲလှယ်နှုန်းကြောင့်လည်းကောင်း၊ နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများ၏ ကျောထောက်နောက်ခံမှုများ မရှိသောကြောင့်လည်းကောင်း မြန်မာနိုင်ငံ၏ လက်ရှိ ဘဏ်စနစ်မှာ ပြိုကွဲပျက်စီးတော့မည့်ဘက်ဆီသို့ ဦးတည်နေပေသည်။

ဤအခြေအနေအောက်တွင် စီးပွားရေးလုပ်ငန်းများ၊ အရောင်းအဝယ်များ ရပ်ဆိုင်း လျက်ရှိပြီး ပုဂ္ဂလိကလုပ်ငန်းများလည်း ရပ်ဆိုင်းမှုအန္တရာယ်အမြန် ဖြစ်ပေါ်လာနိုင်သ ထိုမှတဆင့် တိုင်းရင်းသားမနေရှင်များ၏ အကျိုးစီးပွားအပြင် ပညာတတ်မနေရှင်ပေါ များနှင့် အလုပ်သမားလယ်သမားများ၏ နေ့တဓူဝ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ကို ထိခိုက်လာမည်မှာ မလွဲကေါ်ဖြစ်ပေသည်။

ဖော်ပြပါအခြေအနေကို ရှောင်လွှဲနိုင်ရန်အတွက် ၁၉၉၇ အာရှငွေကြေးအကျပ်အတည်းကြုံတွေ့စဉ်က ထိုင်း၊ အင်ဒိုနီးရှား၊ ကိုးရီးယားနိုင်ငံတို့အား နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့များမှ ၎င်းတို့၏ဘဏ်အသီးသီးကို ချေးငွေများပံ့ပိုးကာ အာမခံထောက်ကူခဲ့ရသည်ကို သာဓကယူသင့်သည်။ ဤအချက်သည်လည်း မြန်မာနိုင်ငံအတွက် ခြွင်းချက်မဟုတ်ပေ။ ဤအချက်ကို ရိပ်စားမိသော နအဖအစိုးရသည် မြန်မာ့အရေးအား ပါဝင်ဆွေးနွေးရန် အမေရိကန်အစိုးရအား ဖိတ်ခေါ်ခဲ့သည်။ နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများ၏ ငွေချေးငှားရေးပေါ်လစီကို ကျင့်သုံးနိုင်ခွင့်ရှိနေသော မဟာအင်အားကြီးနိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံအား မြန်မာနိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ လူသားချင်း ညှာတာထောက်ထားခြင်းဆိုင်ရာ တိုးတက်မှုများရှိလာစေရန်အတွက် အပြုသဘောဆောင်သည့် ဆွေးနွေးမှုများ ပြုလုပ်နိုင်ပါကြောင်းဖြင့် သွေးတိုးစမ်းဖိတ်ခေါ်ခဲ့သည်။ သို့သော် အမေရိကန်နိုင်ငံခြားရေးဌာန ပြောခွင့်ရပုဂ္ဂိုလ် ရစ်ချတ်ဘောက်ချာက "အရေးကြီးတဲ့ ဆွေးနွေးမှုက စစ်အစိုးရနှင့် ဒေါ်အောင်ဆန်းစုကြည်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ကြား ဆွေးနွေးမှုသာဖြစ်ပါတယ်"ဟု တုံ့ပြန်ပြောဆိုခဲ့သည်။

မှန်ပေသည်။ "အသီးတရာ အညှာတခု" ဟု ဆိုရိုးထုံးစံရှိသည့်အတိုင်း စစ်အစိုးရနှင့် ဒေါ်အောင်ဆန်းစုကြည်၏ တွေ့ဆုံဆွေးနွေးမှုသည်သာ မြန်မာ့ဘဏ်စနစ်ပျက်သုဉ်းမှု တခုလုံးသာမက ယနေ့ကြုံတွေ့နေရသော လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးပြဿနာအရပ်ရပ်ကို ဖြေရှင်းနိုင်မည့် တခုတည်းသော နည်းလမ်းဖြစ်ပေသည်။ တွေ့ဆုံဆွေးနွေးမှုကို မလုပ်နိုင်ပါက ဖြစ်ပေါ်လာမည့် ဆိုးကျိုးများသည်လည်း မခန့်မှန်းနိုင်လောက်အောက်ပင် ဆိုးဝါးမည်ဖြစ်ပြီး အမျိုးသားညီညွတ်ရေးကို ပြိုကွဲသထက်ပြိုကွဲစေလျက် နိုင်ငံပြိုကွဲပျက်သုဉ်းမည့်အဖြစ်သို့ ဦးတည်နေပေသည်။ သို့ပါ၍ (NLD)နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ အစဉ်တစိုက် တောင်းဆိုလျက်ရှိသော တွေ့ဆုံဆွေးနွေးရေးကို ငြင်းပယ်လျက်ရှိသည့် နအဖစစ်အစိုးရသည်သာ တိုင်းပြည်၏ ဆိုးဝါးသောရလဒ်များအပေါ် တာဝန်ယူရမည် ဖြစ်ပါကြောင်း အတိအလင်း အသိပေးလိုက်ရပေသည်။ ❖

# ဒီနေ့ခေတ် ကမ္ဘာကို အုပ်စိုးသူများ (၅)

**ဒီဆောင်းပါးဟာ အရင်က ဘီဘီစီမှာ သတင်းထောက်လုပ်ခဲ့သူ John Pilger ရေးပြီး သူစီစဉ်ထုတ်လုပ်တဲ့ "The New Rulers of the World" ဆိုတဲ့ ရုပ်မြင်သံကြားအစီအစဉ်ရဲ့ စာသားများကို စာအုပ်အဖြစ် ထုတ်ဝေထားတဲ့ အထဲက ဖြစ်ပါတယ်။**

**စာရေးသူ**



အိန္ဒိယနိုင်ငံမှ ဒဗလျူတီအိုဆိုင်ရာ သံအမတ် အက်စ်နာရာယန်း (S.Narayan) က အလေးတင်းပြောသကဲ့သို့ပင် ယနေ့ ဒဗလျူတီအို ကြုံတွေ့နေရသော အကြီးဆုံး စိန်ခေါ်မှုမှာ ဤအဖွဲ့အစည်းကို အင်အားအပေါ်အခြေပြုခြင်းထက်၊ စည်းမျဉ်းဥပဒေအပေါ် အခြေပြုခြင်းဖြစ်ရေးပင်ဖြစ်သည်။ "လက်ရှိ တန်းတူမညီမျှမှုတွေကို ဖယ်ရှားမပစ်သရွေ့ ကျနော်တော့ နောက်အစည်းအဝေးဆိုတာကို အယုံအကြည်မရှိဘူး" ဟု နာရာယန်းက ပြောကြားခဲ့သည်။

လွတ်လပ်တဲ့ ကုန်သွယ်မှုအစီအစဉ်ရဲ့ အဆိုးဝါးဆုံးပြဿနာက သူ့ကြောင့် ကမ္ဘာ့အင်အားအကြီးဆုံး ကော်ပိုရေးရှင်းကြီးတွေနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေက အတောင်ပေါက်စ စက်မှုလုပ်ငန်းလေးတွေကို အကာအကွယ်တွေ ဖယ်ရှားပြီး ထိပ်တိုက်ရင်ဆိုင်ပေးလိုက်တာပဲဖြစ်ပါတယ်။ ဒါဟာ ဖလိုင်းဝိတ်တန်းလက်ဝှေ့သမားတဦးကို မိုဟာမက်အလီနဲ့ ကြိုးဝိုင်းထဲမှာ တည်ပေးလိုက်တာ၊ နောက်ပြီး အလီကို လက်အိတ်တွေချွတ်ပေးလိုက်တာ ဖြစ်တယ်လို့ တင်စားပြောကြပါတယ်။ ဖလိုင်းဝိတ်သမားလေး ချာလပတ်ရမ်းပြီး ပွဲ အဆုံးသတ်ရတာချည်းပေါ့။

နိုင်ငံစုံကော်ပိုရေးရှင်းတွေရဲ့ လုပ်ငန်းတွေနဲ့ ပတ်သက်တဲ့ စည်းမျဉ်းစည်းကမ်းတွေကို ဖယ်ရှားပေးခြင်းကြောင့် အိမ်ရှင်နိုင်ငံအဖို့ သူတို့ ထင်တိုင်းပြု၊ ထင်တိုင်းသွေးစုပ်တာကို ခံကြရပါတယ်။ ကုလသမဂ္ဂအနေနဲ့ ဒီနိုင်ငံစုံကော်ပိုရေးရှင်းတွေအပေါ် ချုပ်ကိုင်တဲ့ စည်းမျဉ်းဥပဒေတွေချမှတ်ဖို့ အနှစ် (၂၀)ကျော် လုံးပမ်းခဲ့ပါတယ်။ ဒါပေမယ့် (၉၀) ခုနှစ်များထဲကျတော့ ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံတွေကနေ နိုင်ငံစုံကော်ပိုရေးရှင်းတွေနဲ့ ပတ်သက်တဲ့ စည်းမျဉ်းစည်းကမ်းတွေကို ချမှတ်နိုင်ခွင့်မရှိဘူးလို့ အပြတ်ရပ်လိုက်ကြတော့ အဲဒီ ကြိုးပမ်းချက်တွေဟာ သဲထဲရေသွန် ဖြစ်သွားပါလေရော။ အဲဒီ ... ကော်ပိုရေးရှင်း ... ည်းမျဉ်းစည်းကမ်းကိုပဲ လက်မှတ်ရေးထိုးပါတော့တယ်။

**"လက်ရှိ တန်းတူမညီမျှမှုတွေကို ဖယ်ရှားမပစ်သရွေ့ ကျနော်တော့ နောက် အစည်းအဝေးဆိုတာကို အယုံအကြ**

ဒဗလျူတီအိုဟာ တနေ့တခြား တိုးများလာနေတဲ့ ကမ္ဘာ့လွှမ်းခြုံရေးအတွက် တရားဝင် တာဝန်ရှိသူတဦးမှန်ပေမယ့် ဒီလွတ်လပ်တဲ့ ကုန်သွယ်မှုအစီအစဉ် အောင်မြင်ရေးအတွက် အာမခံရာမှာ အလားတူ အရေးပါတဲ့ အခန်းကပါဝင်တဲ့ နောက်အဖွဲ့အစည်းနှစ်ခု ရှိပါသေးတယ်။ အဲဒါတွေက နိုင်ငံတကာ ငွေကြေးရံပုံငွေအဖွဲ့ (IMF)နဲ့ ကမ္ဘာ့ဘဏ် (World Bank)တို့ ဖြစ်ပါတယ်။ ဒီအဖွဲ့အစည်းနှစ်ခုက ဖွံ့ဖြိုးဆဲနိုင်ငံတွေကို 'တိုးတက်ဖွံ့ဖြိုးရေးအတွက်' ငွေချေးပေးပါတယ်။ ဒါပေမယ့် ဒီလိုချေးငွေရဖို့အတွက် အဲဒီနိုင်ငံတွေက အစိုးရတွေက (IMF)က ရေးဆွဲတဲ့အတိုင်း ပြင်းထန်တဲ့ စီးပွားရေးပြုပြင်မှုတွေ လုပ်ရပါတယ်။ ဒီလိုလုပ်တာကို အဆောက်အအုံထိန်းညှိမှုအစီအစဉ် (SAP) လို့ခေါ်ပါတယ်။

ယေဘုယျအားဖြင့် (SAP)တွေအရ အစိုးရတွေဟာ ပြည်ပဝင်ငွေ အများဆုံးရဖို့နဲ့ အစိုးရသုံးငွေ အနည်းဆုံးဖြစ်အောင် လုပ်ရပါတယ်။ ဒီလိုလုပ်ရာမှာ အဆင့် သုံးဆင့်ရှိပါတယ်။ ပထမဆုံး ပို့ကုန်အတွက် ဦးတည်တဲ့ စီးပွားရေးတရပ် အားပေးရတယ်။ အဲဒီအတွက် လွတ်လပ်တံခါးဖွင့်တဲ့ သွင်းကုန်ဈေးကွက်များ ဖန်တီးပေးရပါတယ်။ ဒုတိယကတော့ နိုင်ငံတော်ပိုင် လုပ်ငန်းတွေကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲပေးရတာပါ။ လူတွေအများကြီး အလုပ်လက်မဲ့ဖြစ်ကြတဲ့ ကိစ္စပါ။ တတိယကတော့ လူမှုဝန်ထမ်းဖက်က အသုံးတွေကို လျှော့ချပေးရတာပါ။ ဒီအထဲမှာ ကျန်းမာရေး၊ ပညာရေးအသုံးစရိတ်တွေပါဝင်ပြီး စားနပ်ရိက္ခာ၊ လောင်စာ စတာတို့နဲ့ပတ်သက်ပြီး နိုင်ငံတော်က ပံ့ပိုးနေတာတွေကိုလည်း လျှော့ချပေးရပါတယ်။ (IMF) ရဲ့အဆိုအရတော့ ဒီလိုစီးပွားရေးပြုပြင်မှုတွေဟာ ရေရှည်မှာ အမျိုးသားစီးပွားရေးကို အကျိုးပေးမှာတဲ့။ ❖



# ထိုင်းအစိုးရ၏ကမ်းလှမ်းချက် ကေအဲန်ယူ ကြိုဆို

## အကစ်အကစ်အေခေါင်းဆောင်ကသံသယနှင့် ဗိုလ်ချုပ်ကြီးများအပေါ် ကြည့်မြင်



ကေအဲန်ယူဥက္ကဋ္ဌ ဖဒိုစောဘသင်

**ဖေဖော်ဝါရီ၊ (၁၆)ရက်။**

မြန်မာပြည် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရေးအတွက် ထိုင်းအစိုးရက ကြားဝင်ဆောင်ရွက်မှုများ ပြုလုပ်ပေးမည်ဆိုသည့် ကမ်းလှမ်းချက်အား ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ)မှ ကြိုဆိုခဲ့သည်။

ထိုင်းဝန်ကြီးချုပ်တပ်ခ်စင်က ၎င်း၏ မြန်မာပြည်ခရီးစဉ်အပြီးတွင် မြန်မာနိုင်ငံ၌ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် ထိုင်းနိုင်ငံအနေဖြင့် ကြားဝင်စေ့စပ်ဆွေးနွေးသူ နေရာမှပါဝင်ဆောင်ရွက်လိုကြောင်း ပြောဆိုခဲ့မှုကို ကေအဲန်ယူဥက္ကဋ္ဌ ဖဒိုစောဘသင်က ကြိုဆိုကြောင်း ဖေဖော်ဝါရီ (၁၅)ရက်နေ့တွင် ထုတ်ဖော်ပြောဆိုခဲ့သည်။

ဖဒိုစောဘသင်က မည်သည့် အစိုးရအရာရှိကမှ မိမိတို့နှင့်ဆက်သွယ်လာမှု မရှိသေးကြောင်း၊ လာသူများမှာ အမတ်များသာဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပဋိပက္ခများကို ငြိမ်းချမ်းသည့်နည်းသုံး၍ ညီညွတ်မှုများ ဖန်တီးပေးမည့် မည်သူ့ကိုမဆို တံခါးဖွင့်ထားပါကြောင်း ထည့်သွင်းပြောဆိုသွားခဲ့ပြီး အမျိုးသားပြန်လည်သင့်မြတ်မှု ဖြစ်ပေါ်လာစေရေးအတွက် ထိုင်းအစိုးရအနေဖြင့် အထူးကော်မတီဖွဲ့စည်းရန် လိုအပ်သည်ဟု ဆိုခဲ့သူ ထိုင်း အထက်လွှတ်တော် နိုင်ငံခြားရေး ကော်မတီဥက္ကဋ္ဌ မစ္စတာကရိုင်ဆပ်ချိုဟဗန်၏ အဆိုပြုချက်ကိုလည်း ကေအဲန်ယူ ဥက္ကဋ္ဌက ထောက်ခံခဲ့သည်။

မိမိအမျိုးသားများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် တန်းတူမှုအခွင့်အရေးရရှိမှုအတွက် နှစ်ပေါင်း(၅၀)ကျော် လက်နက်စွဲကိုင် တိုက်ပွဲဝင်နေဆဲဖြစ်သော ကေအဲန်ယူ ကရင်အမျိုးသား အစည်းအရုံးသည် လက်ရှိ စစ်အုပ်စုနှင့် သာမက မြန်မာအစိုးရအဆက်ဆက်နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့သော်လည်း အောင်မြင်မှုမရှိသေးပါ။

အဆိုပါကိစ္စနှင့် ပတ်သက်၍ ရှမ်းပြည်တပ်မတော် အကစ်အကစ်အေခေါင်းဆောင် ဗိုလ်မှူးကြီးယွက်ဆစ်က "ထိုင်းဝန်ကြီးချုပ်ထံ ကမ်းလှမ်းတယ်ဆိုတာကတော့ အမှန်ပါ။ ဒါပေမယ့် ရလဒ်က မြန်မာ စစ်ဗိုလ်ချုပ်ကြီးတွေရဲ့ ရိုးသားမှုအပေါ်မှာတည်မှီနေပါတယ်။ ဒါကို အချိန်ကပဲ စကားပြောနိုင်ပါလိမ့်မယ်" ဟု ကောက်ချက်ချ ပြောဆိုခဲ့သည်။

နအဖစစ်အုပ်စုသည် တိုင်းရင်းသားလက်နက်ကိုင်များနှင့် တွေ့ဆုံဆွေးနွေးရေးအတွက်ဆိုလျှင် လက်နက်ချရန်နှင့် ဥပဒေဘောင်အတွင်းသို့ ဝင်လာရန်ကိုသာ တွင်တွင်ပြောဆိုလာခဲ့ရာ ဗိုလ်မှူးကြီးယွက်ဆစ်က "ရှမ်းပြည်နယ် ငြိမ်းချမ်းပြီး အေးချမ်းသာယာရေးအတွက် လက်နက်ချတဲ့ နည်းလမ်းတခုတည်း ရှိတာမဟုတ်ဘူး။ ရှမ်းပြည်သူပြည်သားတွေရဲ့ပြင်းပြတဲ့ဆန္ဒကို ဖြည့်ဆည်းပေးနိုင်မှ ဖြစ်မယ်" ဟုဆိုလိုက်သည်။ ထို့ပြင် နအဖစစ်ဗိုလ်ချုပ်ကြီးများသည် အတိုက်အခံအင်အားစုများနှင့် တိုင်းရင်းသားများအား အမြစ်ပြတ်ချေမှုန်းပစ်ရန်သာ ပိုမိုစိတ်ဝင်စားကြောင်း ပြောဆိုသွားခဲ့သည်။

နဝတတဖြစ်လဲ နအဖက ၎င်းတို့လက်ထက်အတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၁၅)ဖွဲ့နှင့် အပစ်အခတ်ရပ်စဲကာ ငြိမ်းချမ်းရေးဖော်ဆောင်ခဲ့ပြီဟု ပြောဆိုနေခဲ့သော်လည်း လက်တွေ့တွင် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေး အဖြေရှာရေးကို ယနေ့အချိန်အထိ အကောင်အထည်ဖော်ခြင်း မရှိသေးသေးချေ။ ထိုသို့ အပစ်အခတ်ရပ်စဲထားသည့် အဖွဲ့အစည်းများ၏ နယ်မြေများတွင် အထူးအုပ်ချုပ်ရေးဇုံများ ဖွဲ့စည်းပေးကာ အုပ်ချုပ်ရေးအပိုင်းကို တာဝန်ယူစေခဲ့ခြင်းသာ ပြုလုပ်ပေးခဲ့သည်။

အခြားသတင်းတရပ်တွင် လွန်ခဲ့သည့် သီတင်းပတ်များအတွင်း နအဖအား လက်နက်ကိုင် တော်လှန်တိုက်ပွဲဝင်နေသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း (၅)ဖွဲ့မှ ကြေညာချက် တရပ်ထုတ်ပြန်ခဲ့ရာ ထိုကြေညာချက်တွင် တိုင်းပြည်တွင်း ဖြစ်ပွားလျက်ရှိနေသော ပဋိပက္ခများအား ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဖြေရှင်းရန် နအဖကို တောင်းဆို တိုက်တွန်းထားသည်။ ❖

# ဖက်ဒရယ်အရေးတွင် ကရင်နီအမျိုးသားများ တက်ကြွစွာ ပါဝင်မည်

**ဖေဖော်ဝါရီ၊ (၁၇) ရက်။** (NMG)

နှစ်ပေါင်းများစွာ သီးခြားကရင်နီပြည်နယ် ထူထောင်ရေးမူဝါဒ ကိုင်စွဲလာခဲ့သည့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)နှင့် ကရင်နီအစိုးရတို့သည် ဖက်ဒရယ်ရေးရာ နှီးနှောဖလှယ်ပွဲတရပ်ကို (၃)ရက်ကြာ ကျင်းပပြုလုပ်ခဲ့သည်။



ကရင်နီတိုးတက်ရေးပါတီ၏ ဒု-ဥက္ကဋ္ဌ<br>ကရင်နီအစိုးရ၏ ဝန်ကြီးချုပ်<br>ဗိုလ်ချုပ်အောင်သန်းလေး

ဖေဖော်ဝါရီ (၁၄)မှ(၁၆) ရက်နေ့ထိ ကျင်းပပြုလုပ်ခဲ့သည့် နှီးနှောဖလှယ်ပွဲတွင် ကရင်နီခေါင်းဆောင်များက ပြည်ထောင်စုအမျိုးသားကောင်စီ၏ ဖက်ဒရယ်ရေးရာ ကော်မတီကိုဖိတ်ကြားခဲ့ပြီး အနာဂတ် မြန်မာနိုင်ငံရေးနှင့် ပတ်သက်သည့် အတွေးအမြင်များကို အပြန်အလှန် ဖလှယ်နိုင်ခဲ့ကြသည်။

ကရင်နီတိုးတက်ရေးပါတီ၏ ဒု-ဥက္ကဋ္ဌလည်းဖြစ်၊ ကရင်နီအစိုးရ၏ဝန်ကြီးချုပ်လည်းဖြစ်သည့် ဗိုလ်ချုပ်အောင်သန်းလေးက မိမိတို့သည် ဖက်ဒရယ်ရေးရာ လုပ်ငန်းများနှင့်ပတ်သက်၍ အခြားသော လူမျိုးစုများနှင့် လက်တွဲကာ တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

ဗိုလ်ချုပ်အောင်သန်းလေးက "ဖက်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းခြင်းသာလျှင် လူမျိုးတိုင်း လူမျိုးတိုင်းအတွက် အာမခံချက်ရှိတဲ့၊ သာယာဝပြောတဲ့ နိုင်ငံတော်ဖြစ်မှာဖြစ်တဲ့အတွက် ကရင်နီအစိုးရရော၊ ကရင်နီပါတီကပါ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကိုတော့ တက်တက်ကြွကြွ အခန်းက ပါပါ့မယ်" ဟု ပြောကြားသွားခဲ့သည်။

ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ၊ ကရင်နီအစိုးရတို့သည် (၁၉၄၈)ခုနှစ်မှစ၍ မြန်မာစစ်အစိုးရအဆက်ဆက်ကို တိုက်ပွဲဝင်ခဲ့သောအဖွဲ့အစည်းဖြစ်ပြီး ယခုလို ဖက်ဒရယ်ရေးရာဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ခြင်းသည် ကရင်နီအဖွဲ့အစည်းတွင် ပထမဆုံးအကြိမ်ဖြစ်သည်။

❖ ❖ ❖

NMG

# (NCUB) ပြန်ကြားရေးကော်မတီဝင် ဦးမြင့်အောင်-NLD(LA) ကွယ်လွန်ရှာပြီ



ဦးမြင့်အောင်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) စတင်ဖွဲ့စည်းခဲ့သည့် ၁၉၉၁ ဖေဖော်ဝါရီ (၁၄)ရက်နေ့မှစ၍ ကွယ်လွန်ချိန်အထိ ကျရာတာဝန်အဆင့်ဆင့်တွင် တက်ကြွစွာတာဝန်ထမ်းဆောင်ခဲ့သူ အသက်(၆၄)နှစ်အရွယ်ရှိ ဦးမြင့်အောင်သည် ဖေဖော်ဝါရီ (၂၆)ရက်နေ့ ည(၁၀)နာရီခွဲအချိန်တွင် မဲဆောက်မြို့၌ နှလုံးရောဂါဖြင့် ဘဝတပါးသို့ ကူးပြောင်းသွားခဲ့ပြီဖြစ်သည်။

ဦးမြင့်အောင်သည် ၁၉၃၉ ခုနှစ်၊ ဩဂုတ်လ (၂၂)ရက်နေ့တွင် အဖဦးညိုပု၊ အမိဒေါ်ငွေရီတို့မှ မြောင်းမြမြို့တွင် မွေးဖွားခဲ့ပါသည်။ မွေးချင်းညီအကို (၂)ဦးအနက် အငယ်ဆုံးသားဖြစ်ပါသည်။ ၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံကြီးတွင် မန္တလေးမြို့ ဈေးချိုသမဂ္ဂအဖွဲ့တွင် တက်ကြွစွာပါဝင်လှုပ်ရှားခဲ့ပြီး ၁၉၈၈ စစ်တပ်မှ အာဏာသိမ်းပြီးနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် မန္တလေးတိုင်း စည်းရုံးရေးကော်မတီဝင် ကုန်သွယ်/စီးပွား အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၉၀ ခုနှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲအတွက် မန္တလေးတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်နိုင်ရေးကော်မတီအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၉၀၊ ဒီဇင်ဘာလ၌ စစ်အစိုးရမှ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် အနိုင်ရရှိသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား အာဏာလွှဲပြောင်းပေးရန်း မျက်ကွယ်ပြုခဲ့မှုကြောင့် စင်ပြိုင်အစိုးရ ဖြစ်မြောက်ရေးကြိုးပမ်းမှုတွင် တက်ကြွစွာပါဝင်ခဲ့ပြီးနောက် တော်လှန်ရေးဌာနချုပ် မာနယ်ပလောသို့ ထွက်ခွာလာခဲ့ပါသည်။ ၁၉၉၁ ခုနှစ်၊ ဖေဖော်ဝါရီ (၁၄) ရက်နေ့တွင် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)အား စတင်ဖွဲ့စည်းရာတွင် ပါဝင်ခဲ့ပြီး ဗဟိုစည်းရုံးရေးကော်မတီ(COC)အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၉၁ ခုနှစ်၊ဖေဖော်ဝါရီ (၂၂) ရက်နေ့တွင် မြန်မာပြည် ဒီမိုကရက်တစ် မဟာမိတ်များအဖွဲ့ချုပ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ)တို့ ပူးပေါင်းဖွဲ့စည်းခဲ့သော စစ်အာဏာရှင်တိုက်ဖျက်ရေး အမျိုးသား သွေးစည်းညီညွတ်ရေးကော်မတီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ ၁၉၉၂ ခုနှစ် စက်တင်ဘာလတွင် မြန်မာပြည် ဒီမိုကရက်တစ် မဟာမိတ်များအဖွဲ့ချုပ်၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရနှင့် အမျိုးသား ဒီမိုကရေစီ တပ်ပေါင်းစုတို့ဖြင့်ဖွဲ့စည်းသော ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီတွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ကိုယ်စားလှယ်အဖြစ် နိုင်ငံရေး တာဝန်များ ထမ်းဆောင်ခဲ့ပါသည်။ ၁၉၉၃ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂ၏ တိုင်းရင်းသားဆိုင်ရာ ဂျီနီဗာညီလာခံသို့ မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့ပါသည်။

ကွယ်လွန်ချိန်တွင် ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားကောင်စီ ပြန်ကြားရေးကော်မတီ ဒုအဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) မဟာမိတ်ဆက်ဆံရေးလုပ်ငန်းအဖွဲ့ ဒုတာဝန်ခံအဖြစ်လည်းကောင်း၊ လွတ်လပ်သော ကလောင်ရှင်များအသင်း(မြန်မာနိုင်ငံ) အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ဗေဒါလမ်းဂျာနယ် အယ်ဒီတာအဖွဲ့ဝင်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်နေစဉ် ကွယ်လွန်အနိစ္စရောက်ခြင်း ဖြစ်ပါသည်။ ❖

# ထိုင်းအစိုးရမှ ကြားဝင်စေ့စပ်ရေးလုပ်လျှင် တဖွဲ့ချင်းခွဲ၍ဆွေးနွေးမည်မဟုတ်

**ဖေဖော်ဝါရီ၊ (၂၁)ရက်။**

ထိုင်းနိုင်ငံက ကြားဝင်စေ့စပ်ပေးမှုနှင့် ပြုလုပ်လာနိုင်သည့် ဆွေးနွေးပွဲများအတွက် နအဖစစ်အုပ်စုကို လက်နက်ကိုင်တိုက်ပွဲဝင်နေကြသော စစ်ရေးမဟာမိတ် အဖွဲ့အစည်းများအားလုံး ကြိုတင်ပြင်ဆင်သည့်အနေနှင့် အရေးပေါ်အစည်းအဝေးတရပ်ကို နယ်စပ်တနေရာတွင် ဖေဖော်ဝါရီ (၂၀) ရက်နေ့က ပြုလုပ်ခဲ့ကြသည်။

ထိုအစည်းအဝေးသို့ စစ်ရေးမဟာမိတ်အဖွဲ့များဖြစ်ကြသည့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP)၊ ရှမ်းပြည်တပ်မတော်(SSA)၊ ကရင့်အမျိုးသားအစည်းအရုံး (KNU)၊ ရခိုင်ပြည်လွတ်မြောက်ရေး တပ်မတော်(ALP)၊ ချင်းအမျိုးသားတပ်ဦး (CNF)တို့မှ ခေါင်းဆောင်(၁၇)ဦးတို့ တက်ရောက်ခဲ့ကြပြီး သဘောတူဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြသည်။

ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ရာတွင် အဓိက အားဖြင့် တွေ့ဆုံဆွေးနွေးပွဲဖြစ်လာရန်အတွက် ပထမဆုံးအနေဖြင့် တတိုင်းတပြည်လုံးအတိုင်းအတာဆောင်သည့် အပစ်အခတ်ရပ်စဲရေးလုပ်ရန်၊ ပြည်တွင်းရှိ တိုင်းရင်းသားနိုင်ငံရေးအင်အားစုများအားလုံးနှင့် လွတ်လပ်စွာ တွေ့ဆုံဆွေးနွေးခွင့်ပြုရန်၊ တွေ့ဆုံဆွေးနွေးသည့် နေရာတွင် နိုင်ငံရေးအနှစ်သာရရှိသည့် စစ်မှန်သောတွေ့ဆုံဆွေးနွေးမှုဖြစ်ရန် စသည့် အဓိကအချက် (၃)ရပ်ပါဝင်ပြီး အဆိုပါအချက်များအား နအဖကခွင့်ပြုရန်လိုအပ်ကာ မြန်မာပြည် အနာဂတ်ရေးဆွေးနွေးနိုင်သည့် နိုင်ငံရေးဆွေးနွေးမှုမျိုးဖြစ်လာစေရေးအတွက်လည်း နအဖက ခွင့်ပြုရမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ကြသည်။

ထို့ပြင် အကယ်၍ စေ့စပ်ဆွေးနွေးပွဲပြုလုပ်ဖြစ်ပါက တိုင်းရင်းသား စစ်ရေးမဟာမိတ်အဖွဲ့များ တဖွဲ့ချင်းစီခွဲ၍ ပြုလုပ်ခြင်းမျိုးကို လက်ခံမည်မဟုတ်ကြောင်းနှင့် ကြားနေနိုင်ငံတနိုင်ငံတွင် ပြုလုပ်ရေးကို ပိုမိုလိုလားကြောင်း အဆိုပါအဖွဲ့ဝင် တိုင်းရင်းသားခေါင်းဆောင်တဦးက ပြောကြားခဲ့သည်။ ❖

စစ်မှန်၍ နိုင်ငံရေးအရ အဓိပ္ပာယ်ပြည့်ဝသော တွေ့ဆုံဆွေးနွေးပွဲပေါ်ပေါက်ရေးမှသည် အမျိုးသား သွေးစည်းညီညွတ်မှုရှိသည့် ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်လာသည်အထိ ပြည်သူတရပ်လုံး ပါဝင်ကြိုးပမ်းကြ။

# ကိုရီးယားကျွန်းဆွယ်အရေးနှင့် အမေရိကန်၏ မဟာဗျူဟာ ခြေလှမ်းများ



မြောက်ကိုရီးယားသမတ ကင်ဂျုံအီး

**ဇန်နဝါရီ၊ (၃၁) ရက်၊ ၂၀၀၃။**
[FRONTLINE]

ကိုရီးယားတို့က ကြေအေးရန်ကြိုးပမ်းအားထုတ်နေသော်လည်း ဘုရှ်၏ အုပ်ချုပ်ရေး ယန္တရားသည် မြောက်ကိုရီးယားအပေါ် တိုက်ခိုက်ရေးကို လိုလားနေပြီး အရှေ့အာရှအာရှတခုလုံးအား စစ်နှုတ်ခမ်းဝနှင့် လက်နက်ပြိုင်ပွဲထဲသို့ ဆွဲသွင်းနေသည်။

ကိုရီးယားတို့က ပလူတိုနီယံ ဓာတ်ပေါင်းဖို ပြန်လည် လည်ပတ်ရေးအတွက် အပြည်ပြည်ဆိုင်ရာ အနုမြူစွမ်းအင် အေဂျင်စီမှ စောင့်ကြည့်သူများအား အချိန်ကိုက် မောင်းထုတ်လိုက်ပြီး ဝါရှင်တန်၏ ခြိမ်းခြောက်မှုသည် တိုင်းပြည်ကို ချိုးနှိမ်၍ ရလိမ့်မည် မဟုတ်ကြောင်းနှင့် ကမ္ဘာ့အသိုင်းအဝိုင်းတခုလုံးအပေါ် ကိုရီးယားတို့၏ စွမ်းအားကို အချက်ပြမှုတရပ်အနေဖြင့် အဓိပ္ပာယ်ဖွင့်ပြလိုက်သည်။ ထို့ပြင် နျူကလီးယား မပြန့်ပွားရေးစာချုပ်မှ သပိတ်မှောက်နုတ်ထွက်သွားမည်ဟု ကိုရီးယားတို့က ခြိမ်းခြောက်လိုက်သည်။

၂၀၀၂ ခုနှစ် စောစောပိုင်းကာလက ဘုရှ်သည် မြောက်ကိုရီးယားနိုင်ငံကို မိစ္ဆာဝင်ရိုးတန်းနိုင်ငံများစာရင်းတွင် ထည့်သွင်းခဲ့ပြီး ထိုနိုင်ငံများအပေါ် လက်ဦးမှုရှိသော စစ်ပွဲဆင်နွှဲရန် ခြိမ်းခြောက်ခဲ့သည်။ "ကိုရီးယားတို့အနေဖြင့် နျူကလီးယား လက်နက်မပြန့်ပွားရေး စာချုပ်ကို သဘောတူ လက်မှတ်ရေးထိုးထားခဲ့သော်လည်း အမေရိကန်အစိုးရအနေဖြင့် ယင်းအာဏာရှင်တို့၏ စကားကို အယုံအကြည်မရှိကြောင်း" သမတဘုရှ်က ပြောကြားခဲ့သည်။ နိုင်ငံတနိုင်ငံအနေဖြင့် နျူကလီးယား မပြန့်ပွားရေးစာချုပ်မှ နုတ်ထွက်မည်ဆိုပါက သုံးလကြိုတင်အသိပေးရန်သာ လိုအပ်သည်။

အကယ်၍ ထိုစာချုပ်မှ မြောက်ကိုရီးယားတို့ နုတ်ထွက်ခဲ့လျှင် နျူကလီးယား မပြန့်ပွားရေးစာချုပ်တံပိုးမှ တရားဝင်လွတ်မြောက်နိုင်မည်ဖြစ်ပြီး သဘောတရားအရဆိုလျှင် အဆိုပါလက်နက်များ ထုတ်လုပ်ရေးကို လုပ်ဆောင်နိုင်မည် ဖြစ်သည်။ ဤဆုံးဖြတ်ချက်သည် အမေရိကန်က မြောက်ကိုရီးယားအား နှစ်စဉ်ရေနံ မက်ထရစ်တန်ချိန် (၅၀၀၀၀၀) ငါးသိန်း ရောင်းချပေးမှုအား ဆိုင်းငံ့ထားမည်ဟု ကြေညာခဲ့ပြီး နောက်ပိုင်းမှ မြောက်ကိုရီးယားက ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။ ရေနံရောင်းချပေးခြင်းသည် ပြုံယမ်းနှင့် ဝါရှင်တန်အကြား ၁၉၉၄ ခုနှစ်သဘောတူညီချက်၏ အစိတ်အပိုင်းဖြစ်သည်။

ဤသဘောတူညီချက်တွင် (၅)မီဂါဝပ်အားရှိသည့် ရုံဖြွန်းဓာတ်ပေါင်းဖို ပိတ်ပစ်ရေးလည်း ပါဝင်သည်။ အမေရိကန်မှ ရေနံတင်ပို့မှုအား ဆိုင်းငံ့လိုက်ခြင်းနှင့်အတူ မြောက်ကိုရီးယားသည် ၁၉၉၄ ခုနှစ် သဘောတူညီချက်အား မဖြစ်မနေလိုက်နာ လုပ်ဆောင်ရန် နောက်ထပ်မလိုအပ်တော့ချေ။ ရုံဖြွန်းတွင် လျှပ်စစ်အတွက် (၅၀) မီဂါဝပ်နှင့် (၂၀၀)မီဂါဝပ်အားရှိ နျူကလီးယား ဓာတ်ပေါင်းဖိုများ တည်ဆောက်နေသည်။ ၁၉၉၄ ခုနှစ် သဘောတူညီချက်အောက်တွင် တောင်ကိုရီးယား၊ ဂျပန်တို့နှင့်အတူ အမေရိကန်သည် နျူကလီးယား ဓာတ်အားပေး စက်ရုံအသစ်နှစ်လုံးကို မြောက်ကိုရီးယားအတွက် အပြီးဆောက်လုပ်ပေးရန် သဘောတူထားပြီး ဖြစ်သည်။

၂၀၀၃ ခုနှစ်တွင် ပထမတလုံး အပြီးသတ်ရန် နောက်ဆုံး သတ်မှတ်ထားသည်။ သို့သော် အစီအစဉ်ရေးဆွဲထားသည့် နောက်ပိုင်း နှစ်ပေါင်းများစွာ ကြာနေပြီဖြစ်သည်။




ရတက်မအေးဘွယ် ကိုရီးယားကျွန်းဆွယ်

မြောက်ကိုရီးယားသည် အခြားနိုင်ငံများကဲ့သို့ပင် အမေရိကန်၏ မဟာဗျူဟာသစ်အား စိုးရိမ်နေသည်။ ၎င်းမှာ အမေရိကန်က ၎င်း၏ ရန်သူနိုင်ငံအဖြစ် ရှုမြင်ထားသော နိုင်ငံများအား ကြိုတင်လက်ဦးမှုယူပြီး တိုက်ခိုက်ရန် ခွင့်ပြုထားခြင်းဖြစ်သည်။ ၁၉၅၀ ခုနှစ်စောစောပိုင်း ကိုရီးယားစစ်ပွဲကာလတွင် အမေရိကန်သည် နျူကလီးယား လက်နက်သုံးလုဆဲဆဲ ဖြစ်သည်ကို မြောက်ကိုရီးယားအနေဖြင့် မမေ့ချေ။

အစောပိုင်း၌ အမေရိကန်သည် အီရန်အရေးတခုကိုသာ အာရုံထားလုံးပမ်းနေရာ ကိုရီးယားကျွန်းဆွယ်အရေးအား မှိန်ထားရန် ကြိုးပမ်းခဲ့သည်။ ဘုရှ်ယန္တရားအား စေ့စပ်ရေး စားပွဲပေါ်သို့ဆွဲရန် မြောက်ကိုရီးယား၏ သံတမန်ရေးရာ ကစားပွဲအား အမေရိကန် နိုင်ငံခြားရေးရာဌာန အရာရှိများက အစောပိုင်းက ပယ်ချခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝယ်က ပြုံယမ်းမှ သူ၏ နျူကလီးယားစီမံကိန်းအား မစွန့်မချင်း စကားပြောဆိုမှုကို ပယ်ထားခဲ့သည်။

သို့သော် ဇန်နဝါရီ ဒုတိယပတ်အတွင်းက ဝါရှင်တန်တွင် အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယား ထိပ်တန်းအရာရှိများအကြား အစည်းအဝေးပြီး နောက်ပိုင်းတွင် အမေရိကန်၏ သံတမန်ရေးရာ သဘောထားမှာ အနည်းငယ် ထူးခြားမှုရှိလာသည်။ သမတဘုရှ်က "သူ့အနေနှင့် တွေ့ဆုံဆွေးနွေးရေးအား တံခါးဖွင့်ထားကြောင်း" ပြောဆိုခဲ့သည်။ သို့သော် အိမ်ဖြူအရာရှိများက မြောက်ကိုရီးယားအနေဖြင့် ၎င်း၏ နျူကလီးယား စီမံကိန်းအား အရင်စွန့်လွှတ်ရမည်ဖြစ်ကြောင်း အခိုင်အမာ ပြောဆိုနေသည်။

အခြားတဖက်တွင် မြောက်ကိုရီးယား၏ အိမ်နီးချင်းများက ပိုမိုတာဝန်သိစွာ တုံ့ပြန်ခဲ့ကြသည်။ တောင်ကိုရီးယား၊ ဂျပန်၊ တရုတ်နှင့် ရုရှားတို့က ပြုံယမ်းကိစ္စအား ဖြေရှင်းရာတွင် တွေ့ဆုံဆွေးနွေးရေး ဖြစ်စဉ်၏ အရေးကြီးမှုအား အလေးအနက် ပြောဆိုခဲ့ကြသည်။ နုတ်ထွက်သွားပြီဖြစ်သော တောင်ကိုရီးယားသမတ ကင်ဒေးယုံက မြောက်ကိုရီးယားအပေါ်တွင်ထားရှိသော အမေရိကန်၏ ပေါ်လစီအား ဝေဖန်လိုက်သည်။ ၎င်းက ဒီဇင်ဘာလ နောက်ဆုံးပတ်တွင် ပြုလုပ်ခဲ့သော ကက်ဘိနက် အစည်းအဝေးတခုတွင် ဝါရှင်တန်၏ပေါ်လစီသည် ထိရောက်မှုရှိမှာ မဟုတ်ကြောင်း သက်သေပြပါလိမ့်မည်ဟု ပြောကြားခဲ့သည်။ "သမိုင်းမှာ ကွန်မြူနစ်နိုင်ငံတွေအပေါ် လုပ်ဆောင်ခဲ့တဲ့ ထိန်းချုပ်ရေးနဲ့ အထီးကျန်ဖြစ်ရေးဆိုတဲ့ ဘယ်ပေါ်လစီမှ မအောင်မြင်ပါဘူး၊ စစ်အေးကာလမှာတောင်မှ မအောင်မြင်ခဲ့ပါဘူး" ဟု သူက ပြောကြားခဲ့သည်။ သူက မြောက်ကိုရီးယားအပေါ် သူ၏ နွေးထွေးသော ပေါ်လစီကို ဆက်လက်လုပ်ဆောင်ရန် အာမခံခဲ့သည်။

၎င်း၏ သမတနေရာတွင် ဆက်ခံခဲ့သော နိုမြွန်ဟူးသည် အမေရိကန်ဆန့်ကျင်ရေး ရပ်တည်ချက်ဖြင့် ရွေးကောက်ပွဲတွင် အနိုင်ရခဲ့ခြင်း ဖြစ်သည်။

ဘုရှ်ယန္တရားက မြောက်ကိုရီးယားအပေါ် စီးပွားရေးပိတ်ဆို့ရန် တောင်းဆိုနေသော်ငြားလည်း အရေးကြီးသော နှစ်နိုင်ငံ ရထားလမ်းဆက်သွယ်ရေးလုပ်ငန်းအား မူလအစီအစဉ်အတိုင်း ဆက်လက်လုပ်ဆောင်နေသည်။ တင်းမာမှုလျော့ပါးစေရန် ဇန်နဝါရီ ပထမပတ်တွင် ကက်ဘိနက်အဆင့် တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ရန် တောင်ကိုရီးယားက ကမ်းလှမ်းခဲ့သည်။ ရုရှနှင့် တရုတ်ကလည်း မြောက်ကိုရီးယားအပေါ် ထားရှိသော အမေရိကန်၏ ပေါ်လစီအား အပြစ်မြင်နေသည်။

ပြုံယမ်းအား စီးပွားရေးအရ အထီးကျန်ရန် အားထုတ်ခြင်းသည် အကျိုးရှိလိမ့်မည်မဟုတ်ဘဲ တင်းမာမှုဆီကိုသာ တစတစ ရောက်ရှိစေလိမ့်မည်ဟု ရုရှားနိုင်ငံခြားရေး ဝန်ကြီး အီဂါအီဗနော့က ပြောကြားခဲ့သည်။ "၎င်းတို့၏ နျူကလီးယားစီမံကိန်းအပေါ် ပိတ်ဆို့အရေးယူခြင်းသည် စစ်ကို

စာမျက်နှာ (၉)၊ ကော်လံ(၁) သို့ –

## တောင်ကိုးရီးယားသမတသစ် ကျမ်းသစ္စာကျိန်ဆိုစဉ် မြောက်ကိုးရီးယားတို့ ဒုံးကျည်စမ်းသပ်



တောင်ကိုးရီးယား သမတသစ်
နိုမြွန်ဟူး (Roh Moo-Hyun)

**ဖေဖော်ဝါရီ၊ (၂၆)ရက်။**

တောင်ကိုးရီးယားနိုင်ငံ၏ လုံခြုံရေးအတွက် အမေရိကန်နှင့် ဆက်ဆံရေးသည် အရေးကြီးကြောင်း၊ သို့ရာတွင် မြောက်ကိုးရီးယားနှင့် ဆက်ဆံရာ၌ အမေရိကန်၏ လွှမ်းမိုးမှု လျော့ပါးသွားစေရေးကို လိုလားကြောင်း ဖေဖော်ဝါရီ (၂၅)ရက်နေ့တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့သူ တောင်ကိုးရီးယား သမတသစ်က ပြောကြားလိုက်သည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် တောင်ကိုးရီးယားနိုင်ငံ၏ သမတသစ် ရွေးကောက်ပွဲတွင် မမျှော်လင့်ဘဲ အနိုင်ရခဲ့သူ နိုမြွန်ဟူးသည် အသက် (၅၆)နှစ်အရွယ် လူသိနည်းသည့် နိုင်ငံရေးသမားရှေ့နေတဦးဖြစ်သည်။ သို့ရာတွင် လွန်ခဲ့သည့်နှစ်ဆိုးလ်မြို့တော်လမ်းမပေါ်တွင် ထောင်သောင်းချီ၍ အမေရိကန်ဆန့်ကျင်ကန့်ကွက်ခဲ့ကြသူများ၏ ထောက်ခံမဲများဖြင့် ယှဉ်ပြိုင်ဘက်ကွန်ဆာဗေးတစ်ပါတီအပေါ် အနိုင်ရခဲ့သည်။

ကျမ်းသစ္စာကျိန်ဆိုပွဲ အပြီးတွင် သမတသစ်သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလ်လင်းပါဝယ်လ်နှင့် မြောက်ကိုးရီးယား နိုင်ငံ၏ နျူကလီးယား ရည်မှန်းချက် စွန့်လွှတ်ရေးကိစ္စကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ ထိုဆွေးနွေးပွဲတွင် တောင်ကိုရီးယား သမတသစ်က အမေရိကန်၏ ရပ်တည်မှုများအပေါ် ယုံကြည်မှုပြခဲ့ကြောင်း အမေရိကန်သံတမန်များက ပြောကြားခဲ့သည်။

နိုမြွန်ဟူးက မြောက်ကိုးရီးယားတို့အနေဖြင့် နျူကလီးယားကိစ္စတွင် ထိပ်တိုက်ရင်ဆိုင်မှုကို မရွေးချယ်ရန် တိုက်တွန်းသွားမည်ဟု ပြောကြားခဲ့သည်။

တောင်ကိုးရီးယားသမတသစ် ကျမ်းသစ္စာကျိန်ဆိုပွဲ မကျင်းပခင် နာရီပိုင်းအလိုတွင် မြောက်ကိုးရီးယားတို့က နိုင်ငံတကာရေပိုင်နက်ဖြစ်သည့် ကိုးရီးယားကျွန်းဆွယ်နှင့် ဂျပန်နိုင်ငံကြားရှိ ပင်လယ်ပြင်တွင် သင်္ဘောဖျက်ဒုံးတစင်း ပစ်လွှတ်စမ်းသပ်ခဲ့ကြသည်။ ❖

## မရပ်တန့်နိုင်သေးသည့် ကလေးစစ်သားများအရေး




**ဖေဖော်ဝါရီလ၊ (၂၄) ရက်။**
**[နယူးစ်ဝိခ်]**

ကလေးစစ်သားများ အသုံးပြုခြင်းကို တားမြစ်သည့် အပြည်ပြည်ဆိုင်ရာ စာချုပ်၏ ပထမနှစ်ပတ်လည်နေ့ဖြစ်သည့် ဖေဖော်ဝါရီ၊ ၁၉ ရက်နေ့သည် ကမ္ဘာတဝှမ်းလုံးရှိ ကလေးများအတွက် ကစားပွဲနေ့တနေ့ ဖြစ်သင့်ကြောင်း ဖေဖော်ဝါရီ (၂၄)ရက်နေ့ထုတ် နယူးစ်ဝိခ်မဂ္ဂဇင်းတွင် ဆောင်းပါးရှင် မယ်လ်ကွန်းဘေ့သ်က ရေးသားထားသည်။

သို့သော် ကလေးများအား စစ်သားအဖြစ် အသုံးပြုနေသည့် အစဉ်အလာများကို ဆန့်ကျင်တိုက်ခိုက်ရန် ကမ္ဘာ့ပြည်သူများက သန္နိဋ္ဌာန်ချထားပြီးဖြစ်သော်လည်း ကလေးထောင်ပေါင်း များစွာတို့သည် စစ်ပွဲများတွင် ယခုအထိ ပါဝင်နေကြရဆဲဖြစ်သည်။

မြန်မာစစ်တပ်တွင် ကလေးစစ်သား (၇၀၀၀၀)ခန့် စစ်မှုထမ်းနေရသည်ဟု လူ့အခွင့်အရေးလှုပ်ရှားသူများက ခန့်မှန်းကြပြီး၊ ကမ္ဘောဒီးယားတွင် (၁၀) နှစ်အရွယ် ယောကျ်ားလေးနှင့် မိန်းကလေး (၁၄၀၀၀) ခန့်အထိ အမြဲတန်းတပ်မတော်မဟုတ်သည့် လက်နက်ကိုင်အဖွဲ့များသို့ ဆွဲသွင်းခံကြရကြောင်း ဖော်ပြထားသည်။

ထို့အတူ ယင်းစာချုပ်သည် အင်ဂိုလာနိုင်ငံရှိ အစဉ်အလာကို ရပ်ဆိုင်းခြင်း မပြုနိုင်ရုံမျှမက၊ ကလေးစစ်သားများအား နုတ်ထွက်ခွင့်ပေးမည့် သဘောတူညီမှုကိုလည်း မလိုက်နာနိုင်သေးပေ။ အင်ဂိုလာနိုင်ငံသည် ယခုအချိန်အထိ ကလေးစစ်သား (၁၀၀၀၀) ခန့်ကိုသာ စစ်တပ်မှထွက်ခွင့်ပြုနိုင်သေးသည်။

နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ထိုအစဉ်အလာများကို ရပ်တန့်သွားစေရန် စွမ်းအားရှိပုံမရကြောင်း၊ ကုလသမဂ္ဂမှ ယမန်နှစ်တွင် ကလေးစစ်သားများ အသုံးပြုနေသည့် အဓိကနိုင်ငံ(၅)နိုင်ငံကို သတ်မှတ်ခဲ့ပြီး စီးပွားရေးပိတ်ဆို့အရေးယူမှုနှင့် ခရီးသွားလာမှု ကန့်သတ်ချက်များ ပြုလုပ်ခဲ့သည်။ ကလေးစစ်သားများအသုံးပြုမှု လျော့ပါးရေးအတွက် ဖြစ်နိုင်ဖွယ်ရှိသည့် ဆောင်ရွက်မှုများပြုလုပ်ရန် နိုင်ငံပေါင်း (၁၁၁)နိုင်ငံအား အကြံပြုခဲ့သည်။ ထို့ပြင် ထိုနိုင်ငံများအားလုံး လိုက်နာဆောင်ရွက်ရန် သဘောတူစာချုပ်များအား လက်မှတ်ရေးထိုးထားစေခဲ့ပြီး၊ စာချုပ်ပါအတိုင်း အမှန်တကယ် လက်တွေ့ကောင်အထည်ဖော်ဆောင်ရွက်ရန်လည်း တိုက်တွန်းပြောဆိုခဲ့သည်ဟု ဆောင်းပါးတွင် ဖော်ပြထားသည်။

သို့ရာတွင် ချုပ်ဆိုထားသည့် ယင်းစာချုပ်များအား နိုင်ငံပေါင်း (၄၆)နိုင်ငံကသာ ယနေ့အထိ အကောင်အထည်ဖော်လိုက်နာဆောင်ရွက်နိုင်သေးကြောင်း မယ်လ်ကွန်းဘေ့သ်က ရေးသားထားသည်။ ❖

# ကမ္ဘာတဝှမ်း စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲများ လှိုင်းတံပိုး မြင့်မား



## အီရတ်ကိုတိုက်မည့် စစ်ပွဲအပေါ် မြန်မာတို့သဘောထား

**အမေကတော့ ဒီစစ်ပွဲကို မထောက်ခံဘူး၊ အပြစ်မဲ့တဲ့ အီရတ်ပြည်သူတွေပဲ သေမှာ။ ဆက်ဒမ်ဟူစိန်ကိုဖြုတ်ချချင်ရင် တခြားနည်းနဲ့လုပ်ရမှာ။**

**လူထုဒေါ်အမာ**

**ဖေဖော်ဝါရီ၊ (၁၉)ရက်[ဧရာဝတီ]**

အီရတ်နိုင်ငံအပေါ် စစ်ဆင်နွှဲရန် ကြိုးပမ်းနေသည့် အမေရိကန်တို့၏ ဦးဆောင်နေမှုကို ကမ္ဘာတဝှမ်းမြို့ကြီးပေါင်း (၆၀၀) ကျော်ရှိ လူထုသန်းပေါင်းမြောက်မြားစွာတို့က ဆန့်ကျင်ကန့်ကွက်မှုများ ပြုလုပ်နေကြစဉ် မြန်မာနိုင်ငံသားများ၏ ထင်မြင်ယူဆချက်များလည်း အခြားနိုင်ငံသားများနည်းတူ ထွက်ပေါ်လာခဲ့သည်။

မြန်မာစာပေလောက၏ မီးရှူးတိုင်သဖွယ် သတ်မှတ်လေးစားခြင်းခံရသည့် စာရေးဆရာမကြီး လူထုဒေါ်အမာက "အမေကတော့ ဒီစစ်ပွဲကို မထောက်ခံဘူး၊ ဘုရှ်အစိုးရရဲ့ အကြောင်းပြချက်တွေက စစ်ပွဲတပွဲ ဖြစ်လောက်အောင် မလုံလောက်ဘူးလို့ အမေတို့ထင်တယ်။ သူတို့တိုက်လို့ ဆက်ဒမ်ဟူစိန်သေမှာ မဟုတ်ဘူး၊ အပြစ်မဲ့တဲ့ အီရတ်ပြည်သူတွေပဲ သေမှာ။ ဆက်ဒမ်ဟူစိန်ကိုဖြုတ်ချချင်ရင် တခြားနည်းနဲ့ လုပ်ရမှာ။ စစ်တိုက်လို့ကတော့ ဆက်ဒမ်ဟူစိန်က လုံခြုံတဲ့နေရာမှာ ပုန်းနေမှာပဲ" ဟု အီရတ်ပြည်သူတွေအပေါ် စာနာမှုအပြည့်နှင့် ပြောကြားသွားခဲ့သည်။

သတင်းစာဆရာ၊ စာရေးဆရာမကြီး အမေလူထုဒေါ်အမာက ၎င်း၏ထင်မြင်ယူဆချက်ကို ဆက်လက်၍ ရှင်းပြခဲ့ရာတွင် မိမိအနေဖြင့် ဆက်ဒမ်ဟူစိန်ဘက်မှ ရှေ့နေလိုက်၍ ပြောဆိုခြင်းမျိုး မဟုတ်ဘဲ၊ အာဏာရှင်စနစ်ကို မကြိုက်နှစ်သက်သည့်အတွက် အခြားနည်းလမ်းရှာပြီး အရေးယူရန် အမေရိကန်တို့ ရွေးချယ်သင့်သည်ဆိုခြင်းကို ပြောကြားလိုရင်းဖြစ်ကြောင်း ရှင်းပြသွားသည်ဟု ဧရာဝတီသတင်းတပုဒ်တွင် ဖော်ပြထားသည်။

သို့ရာတွင် နေ့စဉ်ဘဝရပ်တည်ရေးအတွက် ကြိုးပမ်းရုန်းကန်နေရသည့် မြန်မာပြည်သားတဦးမှာ အီရတ်ကို အမေရိကန်တို့ ဆင်နွှဲမည့်စစ်ပွဲအပေါ် မည်သို့မျှ ထင်မြင်ချက် မပေးတတ်ကြောင်း၊ ကျနော့်အနေနဲ့ သတင်းစာဖတ်ဖို့ကိုပင် အချိန်မပေးနိုင်အောင် ဗျာများနေရကြောင်း ဧရာဝတီ၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားသွားခဲ့သည်ဟု သိရသည်။ ❖

## နိုင်ငံတကာ ပြည်သူများ၏ စစ်ဆန့်ကျင်ရေးလှုပ်ရှားမှုများ

**ဖေဖော်ဝါရီ၊ (၁၆)ရက်။**
**[နယူးယောက်–CNN]**

ကမ္ဘာတဝှမ်းလုံးတွင် စစ်ဆန့်ကျင်ရေး လှုပ်ရှားမှုများပြုလုပ်နေကြသကဲ့သို့ အမေရိကန်မြို့ကြီးများ၌လည်း စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲများ ပြုလုပ်လျက်ရှိကြသည်။

နယူးယောက်ရှိ ဆန္ဒပြသူများသည် ကမ္ဘာတဝှမ်းလုံးရှိ စစ်ဆန့်ကျင်ရေး အင်အားစုပေါင်း (၆၀၀)ကျော်ထဲမှ တဖွဲ့ဖြစ်၍ အီရတ်ကို ဆင်နွှဲမည့်စစ်ပွဲအား ဆန့်ကျင်ကန့်ကွက်ရန်အတွက် နယူးယောက်ရှိ ကုလသမဂ္ဂရုံး အနီးတွင် စုစည်းခဲ့ကြသည်။ လူအုပ်ကြီးသည် (၃၇၅,၀၀၀)ခန့် ရှိမည်ဟု စည်းရုံးလှုံ့ဆော်သူများက ခန့်မှန်းကြသည်။ သို့သော် နယူးယောက်ရှိ ပုလိပ်မင်းကြီး ရေးကယ်လီက (၁၀၀,၀၀၀) မျှသာဟု ခန့်မှန်းသည်။



'ငြိမ်းချမ်းရေးနှင့် တရားမျှတရေးဆိုင်ရာ စည်းလုံးညီညွတ်သော စစ်ဆန့်ကျင်ရေးအဖွဲ့' အဆိုအရ ချီကာဂို၊ အီလီနွိုက်၊ လော့စ်အိန်ဂျယ်လိစ်နှင့် ကာလီဖိုးနီးယားမြို့ကြီးများမှ ဆန္ဒပြသူများအပြင် ဂိုင်နက်စ်ဗီးလ်၊ ဂျော်ဂျီယာ၊ မက်ကွန်နှင့် ဂျွန်နော၊



အလက်စကား စသည့်မြို့လေးများ အပါအဝင် အမေရိကန် တဝှမ်းလုံးတွင်စုဝေးခဲ့ကြသည်။

နယူးယောက်မြို့ ကုလသမဂ္ဂရုံးချုပ် ရှေ့မှ ဆန္ဒပြပွဲတွင် သွေးနှင့်ရေနံပုံးများ တဖက်စီကိုင်ဆောင်ထားသော ဘုရှ်၏ ရုပ်သေးရုပ်ကြီးတခုကို ဆန္ဒပြသူများက စိုက်ထူထားကြသည်။ ဆန္ဒပြပွဲတွင် နိုဗယ်ဆုရှင် ဒက်စ်မွန်တူးတူး၊ ရုပ်ရှင်မင်းသား ဆူဇန်ဆာရာဒွန်နှင့် ဒင်နီဂလိုဗာတို့လည်း ပါဝင်ခဲ့ကြသည်။

ဒက်စ်မွန်တူးတူးက "ကျနော်တို့ဟာ တမိသားစုဝင်တွေ၊ ဘုရားသခင်ရဲ့မိသားစုဝင်တွေ၊ လူသားမျိုးနွယ် မိသားစုဝင်တွေ ဖြစ်တယ်၊ တို့ညီအစ်ကိုမောင်နှမတွေအပေါ်၊ တို့ ကလေးတွေအပေါ် ဗုံးမိုးရွာချမှာကို ကျနော်တို့ ဘယ်လို ခွင့်ပြုနိုင်မှာလဲ" ဟု ပြောကြားခဲ့သည်။

"ဒီစစ်ပွဲအပေါ် ဘယ်လို သဘောထားကြရမလဲဆိုရင် "စစ်အလိုမရှိ" ဟူ၍ တုံ့ပြန်ကြွေးကြော်ကြရန် လူအုပ်ကြီးကို လှုံ့ဆော်ခဲ့သည်။ ထို့နောက် "သမတဘုရှ်၊ ပြည်သူလူထုရဲ့အသံကို နားထောင်ပါ၊ ထပ်ခါတလဲလဲ



တောင်းဆိုနေတဲ့ ပြည်သူတွေရဲ့အသံဟာ ဘုရားသခင်ရဲ့ အသံဖြစ်တယ်၊ ငြိမ်းချမ်းမှုပေးပါလို့ပြောနေတဲ့ ပြည်သူတွေရဲ့ စကားသံကို နားထောင်ပါ"ဟု အလေးအနက်ထား ပြောကြားခဲ့သည်။

"ဆက်ဒမ်ဟူစိန်ဟာ သနားကြင်နာမှုမရှိတဲ့ အာဏာရှင်ပါ။ ဒါပေမဲ့ အမေရိကန်ပြည်ထောင်စုဟာ ငြိမ်းချမ်းစွာ အဖြေရှာဖို့အတွက် ကုလသမဂ္ဂနဲ့အတူတူ အလုပ်လုပ်သင့်တယ်လို့ ကျမအနေနဲ့ ယုံကြည်တယ်" ဟု စက်တင်ဘာ (၁၁)ရက် တိုက်ခိုက်မှုတွင် သေဆုံးခဲ့သည့် မီးသတ်သမားတဦး၏မိခင် အဒယ်လီဝဲလ်တီကလည်း ပြောကြားခဲ့သည်။

"ကျမရဲ့သား တီမိုသီဟာ လူ့အသက်ပေါင်းများစွာကို ကယ်တင်ဖို့ စက်တင်ဘာ (၁၁)ရက်နေ့က ကမ္ဘာ့ကုန်သွယ်ရေးစင်တာမှာ ရှိနေခဲ့တယ်။ ဒီနိုင်ငံမှာ၊ ဒါမှမဟုတ် အီရတ်မှာ အပြစ်မဲ့တဲ့လူ့အသက်ပေါင်းများစွာ သွေးမြေကျမှာကိုတော့ သူ့အနေနဲ့ သဘောတူနိုင်လိမ့်မယ်လို့ ကျမတော့ မထင်ဘူး" ဟု သူမက ဆက်လက်ပြောကြားခဲ့သည်။

လူ (၁၃၂) ယောက် အဖမ်းခံနေရတယ်ဟု စည်းရုံးရေးမှူးများက ပြောကြားခဲ့သော်လည်း လူ(၅၀)သာ ဖမ်းထားသည်ဟု ပုလိပ်အဖွဲ့က ဆိုသည်။ ဆန္ဒပြပွဲအများစုသည် ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်သော်လည်း လူစုခွဲရန် ပျက်ကွက်မှုအပါအဝင် အခြားစွဲဆိုမှုများဖြင့် ကော်လိုရာဒိုပြည်နယ်တွင် လူ (၃၄) ဦးအား ပုလိပ်က ဖမ်းဆီးခဲ့သည်။ ပုလိပ်များသည် လူအုပ်အားဖြိုခွဲရန် ဓာတ်ကောင်းရေများ၊ မျက်ရည်ယိုဗုံးများ အသုံးပြုခဲ့သည်။

"အီရတ်နဲ့ဖြစ်မဲ့စစ်ကို ဆန့်ကျင်နေတဲ့ သူတွေဟာ မျိုးချစ်ပြည်ချစ်တွေပဲ ဖြစ်တယ်" ဟု ဒါရိုက်တာ ရိန်းနားက လော့စ်အိန်ဂျယ်လိစ်မြို့တွင် ပြောကြားခဲ့သည်။

"ဒါဟာ စစ်သားတွေကို အမြဲလိုလို ကျနော်တို့ပေးနိုင်တဲ့ အကြီးဆုံး အထောက်အကူပဲ။ ဘာကြောင့်လဲဆိုတော့ ကျနော်တို့ လုပ်ဆောင်နေသမျှဟာ မလိုအပ်ဘဲနဲ့ အန္တရာယ်ရှိတဲ့လမ်းကို မရောက်သွားစေဖို့ သူတို့ကို ကာကွယ်နေတာပဲ ဖြစ်တယ်။ ဒီအချိန်မှာ စစ်ပွဲဆီကိုသွားဖို့ သေရေးရှင်ရေး အကြောင်းမရှိပါဘူး။ နောက်ပြီး ကျနော်တို့ လုပ်နေသမျှဟာ ဒုက္ခရောက်မဲ့ လမ်းကို အမေရိကန်စစ်သားတွေကို မပို့ဖို့ ကာကွယ်









တားဆီးတာပါပဲ"ဟု ရိန်းနားက ဆက်လက်ပြောကြားခဲ့သည်။

လော့စ်အိန်ဂျယ်လိစ်ရှိ (၁၁)နှစ်ရွယ် မူဆလင် လူငယ်လေးတဦးကလည်း 'စစ်'ဟူသမျှကို ဆန့်ကျင်တယ်ဟု ပြောကြားခဲ့ပြီး "ငြိမ်းချမ်းရေးလှုပ်ရှားမှုကို ထောက်ခံတယ်ဆိုတာပြသဖို့ ကျနော်တို့ဒီနေရာမှာရောက်ရှိနေတာ ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ဘုရှ်ဟာ အမှားတခုခု လုပ်နေတယ်လို့ ကျနော်တို့ ထင်တယ်။ ကုလသမဂ္ဂ စစ်ဆေးရေးမှူးတွေဟာ အချိန်အများကြီး မရခဲ့ကြဘူး။ နောက်ပြီး ဘုရှ်က ယုတ္တိမရှိတဲ့ အထောက်အထားတွေကို ယူလာဖို့လောက်ပဲ ကြိုက်တာဖြစ်တယ်" ဟု ထိုလူငယ်လေးက ဆိုသည်။

ထို့အတူ ဥရောပနိုင်ငံများတွင်လည်း ဆန္ဒပြပွဲများပြုလုပ်လျက်ရှိကြရာ အင်္ဂလန်၌ ဆန္ဒပြသူပေါင်း (၇၅၀,၀၀၀)၊ ဂျာမဏီ၌ (၅၀၀,၀၀၀)၊ ပြင်သစ်၌ မြို့ကြီးမြို့ငယ်ပေါင်း (၆၀)တွင် (၃၀၀,၀၀၀) ရှိခဲ့ကြသည်။

နှစ်ပေါင်းများစွာအတွင်း ဥရောပ၌ မြင်တွေ့ကြရသည့် အကြီးမားဆုံး ဆန္ဒပြပွဲကြီးများဖြစ်ပြီး အတ္တလန္တိတ်မှ အိုက်စ်လန်ထိ ကမ္ဘာတဝှမ်း လူသန်းပေါင်းများစွာ၏ စစ်ဆန့်ကျင်ရေး လှုပ်ရှားမှုများပင်ဖြစ်သည်။ ၎င်းလှုပ်ရှားမှုများသည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပြီး နောက်တရက်တွင် ထိုသို့အလုံးအရင်းနှင့် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဆန္ဒပြသူများက ငြိမ်းချမ်းစွာပြခဲ့ကြသော်လည်း အေသင်နှင့် ဂရိနိုင်ငံတို့တွင်မူ ပုလိပ်များ၏ မျက်ရည်ယိုဗုံးဖြင့်ပစ်ခတ်မှုကို ဆန္ဒပြသူများက ပြန်လည်တုံ့ပြန်ခဲ့ကြသည်။

အလားတူ ဩစတြေးလျနှင့် နယူးဇီလန် နိုင်ငံတို့တွင်လည်း ထောင်ပေါင်းများစွာသော ပြည်သူများက ဆန္ဒပြခဲ့ကြသည်။ ❖



## စစ်ပွဲ အလိုမရှိ
## ဘက်မလိုက်နိုင်ငံများ တောင်းဆို

**ဖေဖော်ဝါရီ၊ (၂၅) ရက်။**

ဖွံ့ဖြိုးဆဲနိုင်ငံပေါင်း (၁၁၆) နိုင်ငံပါဝင်သည့် ဘက်မလိုက်ထိပ်သီးညီလာခံ တရပ်ကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် နှစ်ရက်ကြာ ပြုလုပ်ကျင်းပခဲ့ရာ ညီလာခံသို့တက်ရောက်လာကြသည့် နိုင်ငံများအားလုံးက ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်မပါဘဲ အမေရိကန်က အီရတ်ကိုဝင်ရောက် မတိုက်ခိုက်ရန်၊ အီရတ်နိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏ဆုံးဖြတ်ချက်ကို လိုက်နာပြီး လက်နက်များ ဖျက်သိမ်းရန် တောင်းဆိုခဲ့ကြသည်။ ❖


မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# ၁၉၉၆ ခုနှစ်၊ နိုဗယ်ငြိမ်းချမ်းရေးဆုရှင် မစ္စတာ ဟိုဆေးရာမို့(စ်)ဟော်တာသို့ အိတ်ဖွင့်ပေးစာ



မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုသမဂ္ဂ ဥက္ကဋ္ဌ အရှင်ခေမာစာရ

**○ ယခင်အပတ်မှ အဆက်**

အဲဒီအခါတုန်းက ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဦးသူရိယ၊ အဂ္ဂမဟာပဏ္ဍိတ သထုံဟိတကာရီ ပါဠိတက္ကသိုလ် ဦးစီးနာယက ဆရာတော်ဦးဥတ္တရတို့က ခေါင်းဆောင်ခဲ့ကြတဲ့အတွက် ၎င်းဆရာတော် (၂)ပါးအပါအဝင် ဗုဒ္ဓဘာသာ သံဃာတော် အများအပြားဖမ်းဆီးခံခဲ့ရတယ်။ အတင်းအကြပ် လူဝတ်လဲခဲ့ရတာတွေ ရှိတယ်။ သံဃာတွေဟာ လက်နက်နဲ့ခြိမ်းခြောက်ပြီး အနိုင်ကျင့်တာကို ငုံ့ခံတဲ့အစဉ်အလာ မရှိခဲ့ကြဘူး။ တရားမျှတတဲ့၊ ဥပဒေနဲ့အညီအုပ်ချုပ်တဲ့ မင်းကောင်းစနစ်ကို လိုလားကြတယ်။ အဲဒီအတွက်လည်း အစဉ်တစိုက် ကြိုးပမ်းခဲ့ကြတယ်။

## ၁၉၇၄–၁၉၇၅ ခု ငြိမ်းချမ်းရေးလှုပ်ရှားမှု

မှတ်မှတ်ရရပြောရမယ်ဆိုရင် ၁၉၇၄–၁၉၇၅ ခု၊ ငြိမ်းချမ်းရေးလှုပ်ရှားမှုကိုလည်းပဲ မေ့ချန်ထားလို့မရပါဘူး။ ရည်ရွယ်ချက်ကတော့ သံဃာတော်တွေရဲ့ ပြည်သူ့ဘက်က ရပ်တည်ချက်ကို ပြောချင်လို့ပါပဲ။ အဲဒီလှုပ်ရှားမှုမှာ ဗုဒ္ဓဘာသာသံဃာ (၆၀၀)ကျော်အထိ ဖမ်းဆီးခံခဲ့ရပြီး ခေါင်းဆောင်သံဃာ (၉)ပါးဟာ ထောင်ဒဏ် (၉)နှစ်ကနေ (၁၅) နှစ်အထိ ကျခံခဲ့ရတယ်။ ကျောင်းသားတွေနဲ့အတူ ကျဆုံးပျံလွန်တော်မူသွားရတဲ့ သံဃာရှိပေမဲ့ အရေအတွက်မသိရဘူး။ ကျဆုံးခဲ့ရတာတော့ အမှန်ပါပဲ။

အဲဒီငြိမ်းချမ်းရေးလှုပ်ရှားမှုဟာ သံဃာနှင့်ကျောင်းသား ပူးပေါင်းထားတာဆိုတော့ အာဏာရှင်စနစ်ဆန့်ကျင်လှုပ်ရှားမှုမှာ အရှိန်အဟုန်အတော်ပြင်းထန်ခဲ့တာ တွေ့ရတယ်။ အဲဒီတုန်းက စစ်အုပ်စုအာဏာရှင်တွေ ဘယ်လောက်အထိ အာဏာပြခဲ့သလဲဆိုရင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်ရဲ့ရုပ်အလောင်းကို၊ သူ့ရဲ့တန်ဘိုးကို အသိအမှတ်မပြုတဲ့သဘောနဲ့ ချိုးချိုးနှိမ်နှိမ်လုပ်ခဲ့တယ်။ ဈာပနကို

> ❝ကျောင်းသားတွေဟာ နိုင်ငံရေးသမားတွေ မဟုတ်ဘူး၊ စီးပွားရေးသမားတွေ
> တ်ဘူး။ ကိုယ်ကျိုးရှာတဲ့ အရွယ်လည်းမဟုတ်ဘူး။ နိုင်ငံတော်ကိစ္စနဲ့ ပတ်သက်လာရင်
> က်ကိုပဓာနမထားဘဲ ရှေ့တန်းက ပါဝင်လေ့ရှိတဲ့အတွက် ပြည်သူလူထုက ကြ
> အားကိုးတယ်။ အင်း … ဒါကြောင့်မို့လို့ သံဃာနဲ့ကျောင်းသား ပူးပေါင်းမိ❞

ကြိုဆိုခဲ့တဲ့ အရာရှိတွေကိုလည်း ဖြုတ်ပစ်ခဲ့တယ်။ ဒီလိုမတရားတဲ့ အမိန့်အာဏာကို ပြည်သူနဲ့အတူပူးပေါင်းပြီး တွေဟာ ဆန့်ကျင်ခဲ့ကြတယ်။ ပြည်သူ့ဘက်က ရပ်ခဲ့ကြတယ်၊ အနာခံခဲ့ကြတယ်။ အဓိကကတော့ ထိုက်တန်တဲ့ ဂုဏ်ပြုမှုတွေရှိသင့်တယ်လို့ပဲ။ တနည်းအားဖြင့် အာဏာပြပြီး လက်လွတ်စပယ်လုပ်တာမျိုး လက်မခံဘူးဆိုတဲ့သဘောပါပဲ။

## လက်တွဲညီတဲ့ သံဃာနဲ့ကျောင်းသားများ

မြန်မာနိုင်ငံမှာ ထူးခြားတာတခုရှိတယ်။ ဒါကတော့ အခြားမဟုတ်ဘူး။ ဘယ်အရေးမဆို၊ ဘယ်ကိစ္စမဆို သံဃာနဲ့ကျောင်းသားဟာ ပူးပေါင်းမိသွားကြတဲ့ အလေ့အထကလေးတွေပါပဲ။ မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာဝင်ရာခိုင်နှုန်း (၈၅%)ကျော်ရှိလေတော့ သာသနာ့ဝန်ထမ်းအရေအတွက်လည်း (၃)သိန်းမှ (၄)သိန်းနီးပါးအထိရှိတယ်။ အဲဒီ (၄)သိန်းရဲ့တဝက်ဟာ ပညာသင်ကြားနေတဲ့ ရဟန်းငယ်၊ ရဟန်းပျိုတွေဖြစ်တယ်။ ဘာသာရေးဆိုတဲ့ စကားအတိုင်း ပြည်သူလူထုအပေါ်မှာ ဩဇာတိက္ကမ အင်မတန်ကြီးမားကြတယ်။

နောက်ပြီးတော့ ကျောင်းသားတွေဟာ နိုင်ငံရေးသမားတွေ မဟုတ်ဘူး၊ စီးပွားရေးသမားတွေ မဟုတ်ဘူး။ ကိုယ်ကျိုးရှာတဲ့အရွယ်လည်း မဟုတ်ဘူး။ နိုင်ငံတော်ကိစ္စနဲ့ ပတ်သက်လာရင် အသက်ကိုပဓာနမထားဘဲ ရှေ့တန်းကပါဝင်လေ့ရှိတဲ့အတွက် ပြည်သူလူထုက ကြည်ညိုတယ်၊ အားကိုးတယ်။ အင်း …. ဒါကြောင့်မို့လို့ သံဃာနဲ့ကျောင်းသားပူးပေါင်းမိသွားပြီဆိုရင် ပြည်သူလူထုက အလိုလိုအင်နဲ့အားနဲ့နောက်ကရပ်လာတယ်။ ဒါကြောင့် အစိုးရအဆက်ဆက်ဟာ ကြောက်လန့်နေသလို သတိကြီးကြီးလည်းထားကြတယ်။ ဒါနဲ့ပတ်သက်လို့ သာဓကထုတ်ပြစရာကတော့ ၁၉၇၄–၁၉၇၅ ခု လှုပ်ရှားမှု ၁၉၈၈ ခု လှုပ်ရှားမှုနဲ့ ၁၉၉၀ ပြည့်နှစ် လှုပ်ရှားမှုတွေပဲဖြစ်တယ်။ ဒီကနေ့ ဒီမိုကရေစီလှုပ်ရှားမှုတွေမှာလည်း ပြည်တွင်းမှာပဲ ကြည့်ကြည့်၊ တောတွင်းမှာပဲ ကြည့်ကြည့်၊ ပြည်ပနိုင်ငံမှာပဲ ကြည့်ကြည့်၊ ထောင်ထဲမှာပဲ ကြည့်ကြည့်၊ သံဃာနဲ့ကျောင်းသားတွေဟာ လက်တွဲမဖြုတ် ညီညာတဲ့အားတွေနဲ့ လှုပ်ရှားနေကြတာ သတိပြုမိလိမ့်မယ်လို့ထင်တယ်။ အမှန်ကတော့ မြန်မာနိုင်ငံမှာ ၁၉၆၂ ခုနှစ်ကစပြီးတော့ နိုင်ငံရေးလုပ်ပိုင်ခွင့်တွေ မရှိတော့ဘူး။ နိုင်ငံရေးလုပ်ချင်ရင် အာဏာရှင်တွေနဲ့ ပူးပေါင်းလုပ်၊ အာဏာရှင်တွေကလုပ်နေတဲ့ နိုင်ငံရေး၊ ခွင့်ပြုတဲ့ နိုင်ငံရေးပဲလုပ်ခဲ့ရတယ်။ ဒါကြောင့်မို့လို့ အတိုက်အခံနိုင်ငံရေးသမားတွေ မရှိလေတော့ သံဃာနဲ့ကျောင်းသားဟာ ခွင့်မပြုတဲ့နိုင်ငံရေးကိုလုပ်ရတဲ့ အတိုက်အခံ နိုင်ငံရေးသမားတွေ ဖြစ်လာတယ်။

## ၈–၈–၈၈ ဒီမိုကရေစီလှုပ်ရှားမှုနဲ့ ဗုဒ္ဓဘာသာသံဃာတော်များ ရပ်တည်ချက်

ဒီကမ္ဘာပေါ်မှာ အာဏာရှင်စနစ်တည်ရှိနေသမျှကတော့ အဲ့ဒီအာဏာရှင်စနစ်ကိုဆန့်ကျင်တဲ့ လှုပ်ရှားမှုတွေ၊ လူ့အခွင့်အရေးတောင်းဆိုမှုတွေ၊ ဒီမိုကရေစီကြိုးပမ်းမှုတွေဟာ အစဉ်မပြတ် ဒရစပ်ဆိုသလို ဖြစ်ပေါ်နေမှာ အသေအချာပါပဲ။ ငြိမ်နေရင် ခဏတဖြုတ်ပဲ ငြိမ်နေရမယ်။ ရေရှည်မှာတော့ မငြိမ်နိုင်ဘူး။ ၁၉၈၈ ခုနှစ်မှာလဲ အဲဒီသဘောတရားအတိုင်းပါပဲ။ ဒီမိုကရေစီတောင်းဆို တိုက်ပွဲဝင်မှုတွေ အင်တိုက်အားတိုက်ပေါ်ပေါက်ခဲ့တာကို ကမ္ဘာတခုလုံးက သိပြီးဖြစ်ပါလိမ့်မယ်။ အဲဒီလှုပ်ရှားမှုကာလမှာ ရေဒီယို၊ ရုပ်မြင်သံကြားနဲ့ စာနယ်ဇင်းမီဒီယာတွေက အကျယ်တဝင့် လွှင့်ထုတ်နေခဲ့ကြလို့ပါပဲ။ ပြီးတော့ ဒီမိုကရေစီတောင်းဆိုတိုက်ပွဲဝင်မှုဟာ ရက်ပိုင်းမဟုတ်ပါဘူး။ မတ် (၂၆)ရက်ကစတင်ခဲ့ပြီး စက်တင်ဘာလမှာ အနည်းငယ်ငြိမ်ကျသွားတာဖြစ်တယ်။ ဒါကလဲ အခိုက်အတန့်သာဖြစ်ပြီး ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲပြီးတော့၊ ဘာမှထူးမလာတော့ ဒီမိုကရေစီတောင်းဆိုလှုပ်ရှားမှုတွေဟာ တဖန်ပိုပြီးပိုပြီး ကျယ်ပြန့်လာတယ်လို့ ပြောရမယ်။ ဒီကနေ့ထိကြိုးပမ်းမှုတွေ အခိုင်အမာရှိနေလို့ပါပဲ။ ၁၉၈၈ ခု ဒီမိုကရေစီလှုပ်ရှားမှုဟာ အစောပိုင်းမှာ သာမန်ဖြစ်နေပေမဲ့ ၈–၈–၈၈ နေ့ နောက်ပိုင်း ပိုမိုပြင်းထန်လာခဲ့တယ်။ ဗိုလ်စိန်လွင်အစိုးရ၊ ဒေါက်တာ မောင်မောင်အစိုးရ အစိုးရ (၃) ခုစလုံး ဆက်တိုက်ပြုတ်ကျသွားခဲ့တယ်။ စက်တင်ဘာ (၁၈)ရက်နေ့ကျမှပဲ ဗိုလ်စောမောင်ဦးဆောင်တဲ့ စစ်ဘက်က ထပ်မံအာဏာသိမ်းတယ်။

ရှေ့အပတ်တွင် ဆက်လက်ဖော်ပြပါမည်။

# ဘာသာရေးကိစ္စ ကြားဝင် အာဏာပြနေ ဆရာတော်ကြီးများ နှလုံးစိတ်ဝမ်းမချမ်းမမြေ့ဖြစ်ရ

မလေးရှားနိုင်ငံ၊ ပီနန်မြို့တွင် သီတင်းသုံးတော်မူနေသည့် ပီနန်ဆရာတော် ဦးပညာဝံသပိုင် ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်အတွင်းရှိ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးအား နအဖကသိမ်းယူလိုက်သည့်အတွက် ကျောင်းထိုင်ဆရာတော်ကြီးများ နှလုံးစိတ်ဝမ်းမချမ်းမမြေ့ဖြစ်နေရကြောင်း သိရသည်။

ပီနန်ကျောင်းတိုက်အမည်အရ ထိုကျောင်းတော်ကြီးမှာ ပီနန်ဆရာတော်ကြီး ဦးပညာဝံသဘွဲ့အမည်နှင့် စည်ပင်သာယာရေးအဖွဲ့က ဂရန်ချထားပေးခြင်းဖြစ်ပြီး ကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ပြည်တွင်းပြည်ပရှိ ဆရာတော်ကြီး၏တပည့် ဒါယကာ၊ ဒါယိကာမများက စုပေါင်းလှူဒါန်း၍ သိန်းပေါင်းရာနှင့်ချီကာ အကုန်ကျခံတည်ဆောက်ထားခြင်း ဖြစ်သည်။

ပြီးခဲ့သည့် နိုဝင်ဘာလက နအဖအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ခင်ညွန့်က ထိုကျောင်းတော်ကြီး၏ ဂေါပကအဖွဲ့ဝင်များသည် နိုင်ငံရေးနှင့် ပတ်သက်နေသည်ဟူသော အကြောင်းပြချက်ဖြင့် ကျောင်းတော်ကြီးကို သိမ်းယူလိုက်ပြီး သံဃာ့မဟာနာယကအဖွဲ့ထံ အပ်နှင်းခဲ့သည်ဟု ဆိုသည်။

ထိုသို့ သိမ်းယူလိုက်သည့်အတွက် ကျောင်းတော်ကြီးပိုင်ရှင် ပီနန်ဆရာတော်ကြီးက မြန်မာပြည်တွင် ဘာသာရေး ယုံကြည်ကိုးကွယ်မှုအပေါ် ဖိနှိပ်ချိုးဖောက်မှုများ ပြုလုပ်နေခြင်းကို အထင်အရှား ပြသလိုက်ခြင်း ဖြစ်ကြောင်း ထုတ်ဖော်မြွက်ကြားခဲ့ပြီး ဆရာတော်ကြီးအနေဖြင့် နှလုံးစိတ်ဝမ်းမချမ်းမမြေ့ဖြစ်ရသည်ဟု မိန့်ဆိုခဲ့သည်။ ❖

# ဘီးတချောင်း၏ မွေးနေ့

အမှိုက်သရိုက်တွေ
အမိုက် စရိုက်တွေ
အမိမြေရဲ့ ဦးဆံစမှာ
ဝေဆာလွှမ်းနေတဲ့ နေ့ …

ကြွေးကြော်သံတလုံးဝင်ဆောင့်လိုက်တိုင်း
သွေးကြောင့် ရဲနေတဲ့ အလံ
တဖျပ်ဖျပ်လွင့်ပျံ …

ဖနောင့် တသိန်း အစွမ်းနဲ့
အမိပတိလမ်းကို ဗုံလို ဆောင့်တိုင်း
ရေတမာရွက်ခြောက်များ
ကြောက်အား လန့်အား ထ ထခုန်

သခင်သွေးနဲ့
ဝန်မလေးတဲ့ခြေ
ခြေထောက်တွေ၊ ခြေထောက်တွေ …

အထပ်ထပ် ထောင်ထားတဲ့ ဘီးတွေလို
ခပ်စိပ်စိပ် တိုက်ချမယ့် ခြေလှမ်းနဲ့
ဂျင်းဘောင်းဘီဝတ် ခြေထောက်တွေ …

မျက်လုံးချင်းသိတဲ့ စည်းချက်နဲ့
ပခုံးချင်းညှိ ရပ်ထဲ့ကာ
ဒီမြေရဲ့ နဖူးအမောက်ကစ
နင်းလျှောက်လာခဲ့ကြပြီ …။

**သန်းဝင်းထွဋ်**



ကဗျာဆရာကြီးတင်မိုး

# ကဗျာဆရာကြီးတင်မိုးနှင့် တွေ့ဆုံမေးမြန်းခြင်း

**စာပေစိစစ်ရေးဟာ စာပေဖွံ့ဖြိုးမှု၊ တိုးတက်မှုကို ဟန့်တားတဲ့ကိစ္စ၊ ရပ်တန့်စေတဲ့ကိစ္စ၊ စာရေးတဲ့လက်တွေကို ရိုက်ချိုးတဲ့ကိစ္စပေါ့ဗျာ။ ဒါတွေကို စာရေးဆရာတွေက မကြိုက်ဘူး၊ ဘယ်သူကမှ မကြိုက်ဘူးပေါ့ဗျာ။ အာဏာပိုင်တွေကလွဲရင် ဘယ်သူကမှ မကြိုက်ကြဘူး။ စာပေစိစစ်ရေးကို ဖျက်ပစ်အောင်၊ အဲဒီ ဥပဒေ ဖျက်ပစ်အောင် စာရေးဆရာတွေ၊ စာပေသမားတွေ အကုန်စုပေါင်းပြီး တော့ တောင်းဆိုရမယ်၊ တိုက်ဖျက်ရမယ်ဗျာ။**

**မေး** – ဆရာကြီးခင်ဗျား၊ စာပေစိစစ်ရေး ဘယ်လိုပေါ်ပေါက်ခဲ့ပါသလဲ။ စာပေစိစစ်ရေး သမိုင်းကြောင်းကို ဆရာကြီးရဲ့ အတွေ့အကြုံနဲ့ယှဉ်ပြီး ရှင်းပြပေးပါ။

**ဖြေ** – အရင်တုန်းကတော့ စာပေစိစစ်ရေး မရှိဘူးပေါ့လေ။ ကိုယ်ထုတ်ချင်ရာကို ထုတ်ပိုင်ခွင့်ရှိတယ်ပေါ့။ ဒီမိုကရေစီအစိုးရ လက်ထက်တုန်းကပေါ့။ နောက် ၆၂ ခုနှစ် အစောပိုင်းတုန်းကလည်း မရှိသေးပါဘူး နောက်ပိုင်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဘာညာ၊ အဲဒါ ပေါ်ပြီးတဲ့ နောက်ပေါ့ဗျာ ဟုတ်လား။ အမျိုးသားစည်းလုံးညီညွတ်ရေးဆိုတဲ့ အကြောင်းပြချက်တွေနဲ့ ပေါ့ဗျာ။ စာပေစိစစ်ရေး လိုအပ်တယ် နဲ့ စာပေစိစစ်ရေး ပေါ်ပေါက်လာတယ်။ ကျနော်ထင်တာက (၆၄–၆၅) ခြောက်ဆယ်နဲ့ လေး၊ ငါး တဝိုက်ပဲ ထင်တာပဲ။ အဲဒီမှာ စာပေစိစစ်ရေး ဖြစ်ပေါ်လာတယ်ပေါ့။

စာပေစိစစ်ရေးပေါ်ပေါက်လာတော့ အလုပ်လုပ်ရတာ အခက်အခဲတွေ အကုန်တွေ့ကုန်တာပေါ့ဗျာ။ စာမူကို ကြိုတင်ပြီးတော့ လက်နှိပ်စက်ရိုက်တာ၊ စိစစ်ရေးတင်ရတာ၊ နယ်တွေမှာ စာအုပ်ထုတ်ဝေရေး ခက်သွားတာ၊ ရန်ကုန်စာပေစိစစ်ရေးရုံးက ခွင့်ပြုချက်ချမှတ်ပေးပြီးမှ ရိုက်ရတာစသဖြင့် အဲဒီလိုအခက်အခဲတွေ အများကြီး တွေ့ကုန်တာပေါ့။ ဒါကြောင့် စာပေစိစစ်ရေးဟာ စာပေဖွံ့ဖြိုးမှု တိုးတက်မှုကို ဟန့်တားတဲ့ကိစ္စ၊ ရပ်တန့်စေတဲ့ကိစ္စ၊ စာရေးတဲ့လက်တွေကို ရိုက်ချိုးတဲ့ကိစ္စ ပေါ့ဗျာ။ ဒါတွေကို စာရေးဆရာတွေက မကြိုက်ဘူး။ ဘယ်သူကမှ မကြိုက်ဘူးပေါ့ဗျာ။ သူတို့အာဏာပိုင်တွေက လွဲရင် ဘယ်သူကမှ မကြိုက်ကြဘူး။

ပြီးတော့ မသမာမှုတွေ မျိုးစုံလည်း ရှိလာတာပေါ့။ စာပေစိစစ်ရေး ရှိလာတော့ အခက်အခဲတွေ့တော့ ထုတ်ဝေသူတွေက အလုပ်ဖြစ်အောင် လာဘ်ထိုးရ၊ ဘာလုပ်ရ ဆိုတော့ မသမာမှုတွေ မျိုးစုံပေါ်ပေါက်လာတာပေါ့။ အဲဒါကြောင့် စာပေစိစစ်ရေးလုပ်တာ စာပေဖွံ့ဖြိုးမှုမှာ ကြီးမားသော အနှောင့်အယှက်ကြီးတခုလို့ ယူဆရမှာပဲ။

နောက်တခုက စာပေစိစစ်ရေးသမိုင်းနဲ့ပတ်သက်ပြီးတော့ ကျနော် စာအုပ်တော့ ညွှန်းနိုင်ပါတယ်။ “ငွေမင်သုတ်တယ်၊ ဆုတ်ဖြဲတယ်”လို့ ဗမာလိုအဓိပ္ပာယ်ရတဲ့ အင်္ဂလိပ်စာအုပ်တအုပ် အန်နာအဲလော့ဆိုတဲ့ ဆရာမကြီးပေါ့။ သူ့ကလောင်နာမည်က တော့ ဒေါ်ခင်ခင်ချောပေါ့။ သူစုစည်းပြီး ဗမာဝတ္ထုတိုတွေကို ဘာသာပြန်ထားတဲ့ အဲဒီစာအုပ်ထဲမှာပါတယ်လို့ ကျနော်မှတ်မိတယ်။ စာပေစိစစ်ရေးကြောင့် ထုတ်ခွင့်မရတဲ့ ဝတ္ထုတိုလေးတွေကို ဆရာမကြီးက အင်္ဂလိပ်လို ဘာသာပြန်ပြီးတော့ထုတ်ခဲ့တဲ့အတွက်ကြောင့်ပါပဲ။ အဲဒီစာအုပ်ကို ရှာဖတ်မယ်ဆိုရင် စာပေစိစစ်ရေးသမိုင်းကို တွေ့လိမ့်မယ်လို့ ကျနော်ထင်တယ်။

**မေး** – စာပေစိစစ်ရေးမပေါ်ပေါက်ခင် အစိုးရကဝင်ပြီး ထိန်းချုပ်မှုရှိခဲ့ပါသလား။ အဲဒီတုန်းက အခြေအနေတွေ အကြောင်း ရှင်းလင်းပြပေးပါဦး ဆရာ။

**ဖြေ** – စာပေစိစစ်ရေး မပေါ်ပေါက်ခင် အရင်တုန်းက ဦးနုအစိုးရလက်ထက်တုန်းကတော့ ကိုယ့်တာဝန် ကိုယ်ယူပေါ့ဗျာ။ ရေးသူကလည်း ကိုယ့်တာဝန်ကိုယ်ယူ၊ ပုံနှိပ်သူကလည်း ကိုယ့်တာဝန်ကိုယ်ယူပြီးတော့ ပုံနှိပ်ကြရတယ်။ ဘယ်သူ့ကိုမှ ဘယ်အရာရှိကိုမှ တင်ပြနေစရာ မလိုဘူးပေါ့။ တကယ်လို့ ဥပဒေနဲ့ငြိစွန်းတယ်ဆိုရင် ဥပဒေနဲ့ငြိစွန်းတယ်ဆိုမှ စာအုပ်ကို လိုက်လံသိမ်းဆည်းတာတို့၊ စာရေးသူကို တရားစွဲတာတို့ လုပ်တယ်လို့ သိရတယ်။ အဲဒီတော့ အပြစ်ရှိရှိမရှိရှိ အားလုံးစာပေစိစစ်ရေးကို တင်ပြပြီးမှ ထုတ်ရတယ်ဆိုတာ မရှိခဲ့ဘူး။ မရှိတော့ အလုပ်လုပ်ရတာအင်မတန်လွယ်ကူတယ်။

အဲဒီကာလတုန်းက ကျနော်က မန္တလေးမှာ။ ကျနော့်မှာ ကျနော့်သူငယ်ချင်းတွေနဲ့ စုထောင်ထားတဲ့ ပုံနှိပ်တိုက်ရှိတယ်၊ သူငယ်ချင်းတွေနဲ့ စုပြီးလုပ်တဲ့ စာအုပ်တိုက်ပေါ့။ အဲဒါကြောင့် ကျနော်ကကိုယ်တွေ့ပဲ။ ကျနော်ထုတ်သမျှ စာအုပ်ကို ပုံနှိပ်တိုက်မှာ ကြိုက်သလိုရိုက်ပြီး တော့ ထုတ်လိုက်တာပဲ။ ဘာစာပေစိစစ်ရေး တွေကိုမှ တင်ပြနေစရာမလိုဘူး။ တကယ် လို့ ဥပဒေနဲ့ငြိစွန်းတာရှိရင် အဲဒီမှာ တရားဥပဒေရှိတာပဲ၊ တရားဥပဒေကနေ အရေးယူမှာပေါ့။ အဲဒီလိုလည်း အရင်တုန်းက စာရေးဆရာတွေ အရေးယူခံရတာ စာအုပ်အရေးယူခံရတာ နည်းပါတယ်။ ဒါကြောင့်မို့လို့ လုံးဝခြားနားသွားပြီပေါ့ဗျာ။

အဲဒီတော့ စာပေစိစစ်ရေး ပေါ်ပေါက်ပြီးတဲ့နောက်မှာ အထူးသဖြင့် မန္တလေးလို နယ်မြေက ရန်ကုန်ကိုတက်တက်ပြီး စာစောင်တွေ၊ ပရိတ်ကြီးက အစပေါ့ဗျာ။ အကုန်လုံးတင်ပြနေရတော့ အဲဒီမှာ စာပေစိစစ်ရေးမှူးတွေကို လျှော့လျှော့လျှုလျှု၊ မြန်မြန်ဆန်ဆန် ချပေးနိုင်အောင် လာဘ်ထိုးရမယ်။ အရက်ပုလင်း လာဘ်ထိုးရမယ်။ လုံချည်တွေ ဘာတွေ လာဘ်ထိုးရမယ်။ ငွေကြေးနဲ့ လာဘ်ထိုးရတယ်။ အဲဒီလို ကပ်ယပ်ပြီး ကိုယ့်စာအုပ်ကလေး အလုပ်ဖြစ်အောင် အမျိုးမျိုးလုပ်ကြရတာတွေ့ရတယ်။ သိပ်ကိုကြီးမားတဲ့ အနှောင့်အယှက်ကြီးတခုပါပဲ။ ခုနပြောသလို ကျနော်တို့ ကိုယ်ပိုင်ပုံနှိပ်တိုက်၊ ကိုယ်ပိုင်စာအုပ်တိုက် လုပ်ခဲ့ဖူးတဲ့ လူတယောက်အနေနဲ့က သိပ်ကို သိသာတာပေါ့ဗျာ။ ဘာဖြစ်လို့လဲဆိုတော့ အရင်တုန်းက စာအုပ်တအုပ်ဖြစ်ဖို့ဆိုတာ စာမူရှိဖို့ပဲ လိုတယ်။ စာမူရှိရင် ပုံနှိပ်တိုက်မှာ ရိုက်လိုက်ရုံပါပဲ။

ကျနော့် စာအုပ်တိုက်က “သပြေ” စာအုပ်တိုက်လို့ ခေါ်ပါတယ်။ အဲဒါကျောင်းသင်စာအုပ်တွေနဲ့ ပတ်သက်တဲ့ စာအုပ်တိုက် ပန်းလက်ဆောင် အစမ်းစာတို့ ဘာတို့ အဲဒါတွေ ကျနော်ရိုက်တယ်။ ကျန်တာတွေ အများကြီးပါပဲ။ နောက်တခါ စာပေရေးရာနဲ့ ပတ်သက်ပြီး ပုံနှိပ်ဖို့ “ဖန်မီးအိမ်” စာအုပ်တိုက် ဆိုပြီးတော့ ကျနော်ထောင်တယ်။ အဲဒီမှာကျတော့လည်း အမေ့ကျောင်းတို့၊ နောက် …. ဒေါက်တာသန်းထွန်းရဲ့ တတိယ မျက်လုံးတို့၊ နောက် မောင်စွမ်းရည်ရဲ့ ဟိုချီမင်းရဲ့ ထောင်ထဲက ကဗျာတွေ အကျဉ်းထောင်ထဲက ပုလွေသံဆိုပြီးတော့ပေါ့။ နောက် ဆရာမောင်သာနိုးရဲ့ ကဗျာသဘောတရား။ ဆိုတော့….အဲဒီလို စာအုပ်တွေ ကျနော်ထုတ်ခဲ့တာပဲ။ အဲဒီလို ကျနော်ထုတ်ခဲ့တုန်းက ဘယ်စိစစ်ရေးဌာနကိုမှ တင်ပြစရာမလိုဘဲထုတ်တာ။ ကျနော်တို့ ပုံနှိပ်တိုက်မှာပဲ ကိုယ့်ဟာကိုယ် ကြိုက်သလို ပုံနှိပ်ပြီး စာအုပ်ဖြန့်ချိလို့ရပါတယ်။ သိပ်အဆင်ပြေတယ်။

နောက်တော့ ၆၇ မှာ ကျနော် ရန်ကုန်ပြောင်းတယ်။ အဲဒီအချိန်မှာ စာပေစိစစ်ရေးက အရှိန်အဟုန်မြှင့်ပြီး လုပ်လာပြီ။ အဖွဲ့ကြီးတွေဖွဲ့လာပြီ။ ပြည်ထဲရေးဌာနအောက်မှာ စာပေစိစစ်ရေးမှူးတွေ ခန့်ပြီးတော့ စနစ်တကျ နှိပ်ကွပ်နေပြီပေါ့ဗျာ။ ရန်ကုန်ကျတော့ ကျနော့်စာအုပ်တွေ၊ ကျနော့်စာအုပ်တွေထုတ်တဲ့ ဇွဲစာပေတို့၊ ပင်မရေးစီးတို့၊ နံ့သာတို့ စာအုပ်တိုက်တွေ အဲဒီစာအုပ်တိုက်တွေက စာပေစိစစ်ရေးတင်ပြပြီးမှ စာပေစိစစ်ရေး ခွင့်ပြုချက်ရပြီးမှ ထုတ်ဝေရတာကို တွေ့ရတယ်။ ပုဂံစာအုပ်တိုက်လည်း ပါသေးတယ်။ အဲဒီတော့ ခက်ခဲသွားတာပေါ့။ အဆင့်တွေ များကုန်တာပေါ့။ ကျော်လွှားရတဲ့အဆင့်တွေ များကုန်တယ်။

နောက် ၁၉၇၉ ပေဖူးလွှာမဂ္ဂဇင်းကို ကျနော် အယ်ဒီတာချုပ်အဖြစ်နဲ့ လုပ်ခဲ့တဲ့အခါကျတော့ သိပ်ဆိုးတာပဲ။ အဲဒီအချိန်မှာတော့ ကျနော့်ကို အမျိုးမျိုးအဖုံဖုံကို အလုပ်မဖြစ်အောင်ကို အနှောင့်အယှက်ပေးတဲ့သဘောမျိုး ဖြစ်နေပြီ။ အဲဒီအထဲမှာ ပါတဲ့ ကဗျာတွေ၊ ကာတွန်းတွေ၊ ဆောင်းပါးတွေကို သိပ်လက်ပေါက်ကပ်ပြီး အသေးစိပ်နှိပ်ကွပ်တော့တာပဲ။ နောက်ဆုံးတော့ဗျာ ကျနော့်ကို ဖမ်းဆီးသွားတဲ့အဆင့်ပေါ့။ အဲဒီ ပေဖူးလွှာမဂ္ဂဇင်း ထုတ်ဝေမှုနဲ့ပါပဲ။ နောင်ကျတော့ ကျနော် သိရတာက ဒီ ပေဖူးလွှာမဂ္ဂဇင်းဟာ အန်အယ်လ်ဒီရဲ့ အာဘော်မဂ္ဂဇင်းတစောင်ဖြစ်လာလိမ့်မယ်လို့ သူတို့စိတ်ထဲမှာ တွေးထင်ပြီးတော့ နှိပ်ကွပ်လိုက်တဲ့သဘောပါပဲ။ အဲဒီတော့ ပုဒ်မ(၅/ည)တွေ ဘာတွေလုပ်ပြီး ကျနော့်ကို ထောင်(၄)နှစ် ချပစ်တာပါပဲ။ အမှန်တော့ စာပေစိစစ်ရေးကို ဖျက်ပစ်အောင်၊ အဲဒီဥပဒေ ဖျက်ပစ်အောင် စာရေးဆရာတွေ၊ စာပေသမားတွေ အကုန်စုပေါင်းပြီးတော့ တောင်းဆိုရမယ်။ တိုက်ဖျက်ရမယ်ဗျာ။ ကျနော်တို့ အဲဒီလို မြင်တယ်။

**မေး** – ဒါပေမဲ့ဆရာကြီး အခုလက်ရှိ စစ်အစိုးရလက်ထက်မှာ စာအုပ်တွေ အများကြီးထွက်တယ်။ ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေ၊ အများကြီးထွက်တယ်။ သတင်းစာဆိုရင်လည်း မြန်မာတိုင်းမ်တို့ ထွက်တယ်။ သူတို့လက်ထက်မှာ စာပေလောကရဲ့ အနေအထားက စည်ပင်ဝပြောနေတယ်ဆိုတဲ့ သုံးသပ်ချက်၊ ပြောဆိုချက်တွေအပေါ်မှာရော ဆရာကြီး ဘယ်လိုမြင်ပါသလဲ။

**ဖြေ** – အဲဒါကတော့ မျက်စိမှိတ် စုံကန်ငြင်းတဲ့ သဘောပါ။ တကယ်လို့သာ စာပေစိစစ်ရေးမရှိရင် ဆယ်ဆတိုးတက်ပြီးတော့ကို ထွန်းကားမှာပေါ့။ အခုဟာက တိုင်းပြည်မှာ စာပေဖတ်တဲ့သူတွေကများလာ၊ နိုးကြားလာ၊ စာရေးဆရာဦးရေတွေလည်း များလာတော့ စာစောင်တွေကလည်း များလာတာပေါ့ဗျာ။ အဲဒီလိုဖြစ်လို့သာကိုး။ စာစောင်တွေများလာတာကလည်း သူတို့ စားပေါက်ထွင်တာလေ။ စာစောင်တွေများလာတာက တကယ့် စာပေပညာရှင်တွေကို ချပေးတဲ့ မှတ်ပုံတင်မဟုတ်ဘူး။ သူတို့ရဲ့ ဝန်ကြီးသားသမီးတွေ၊ ထောက်လှမ်းရေး သားသမီးတွေ၊ သူတို့ ဌာနဆိုင်ရာတွေ၊ သူတို့ကို အကျိုးပြုတဲ့သူတွေအတွက် မှတ်ပုံတင်ချပေး သက်သာချောင်ချိရေးဆိုပြီး ချပေး၊ ဌာနဆိုင်ရာ ရန်ပုံငွေဆိုပြီး ချပေး၊ အဲဒီလိုချပေးပြီး တကယ် စာအုပ်ထုတ်ချင်တဲ့ သူတွေအပေါ် ခေါင်းပုံဖြတ်တာလေ။ အဲဒီမှာ မှတ်ပုံတင်ကြေးပေးပြီးတော့ကို ထုတ်ရတာ။ ဂျာနယ်တွေဘာတွေဆိုရင် အဲဒီလို မှတ်ပုံတင်ကြေးပေးရတယ်။ အဲဒီတော့အမျိုးမျိုး အဆင့်ဆင့် လည်လှီးတဲ့ ကိစ္စပဲဗျ။

အဲဒီတော့ ကျနော်က စာအုပ်တအုပ် ထုတ်ချင်တယ်၊ ဂျာနယ်တစောင်ထုတ်ချင်တယ်၊ မဂ္ဂဇင်းတစောင် ထုတ်ချင်တယ်ဆိုရင် ကျနော့်ကို အဲဒီလိုချမပေးဘူး။ သူတို့သားသမီးတွေ၊ ဝန်ကြီးသားသမီးတွေ၊ ထောက်လှမ်းရေး အဆက်အနွယ်တွေ၊ (သို့မဟုတ်) ဝန်ကြီးတွေအဆက်အနွယ်၊ အာဏာပိုင်တွေရဲ့ အဆက်အနွယ်တွေ၊ အဲဒါတွေကို လိုက်ရမယ်။ ချဉ်းကပ်ရမယ်။ နောက်သူတို့ဆီက တလကိုဘယ်လောက်၊ ဘယ်လောက်ဆိုတဲ့ ကြေးနဲ့ဝယ်ရမယ်။ ပြောရရင် အာဏာကို ရောင်းစားတာပေါ့ဗျာ။

ရှေ့အပတ်တွင် ဆက်လက်ဖော်ပြပါမည်။

## ဘဏ်များကိစ္စ စာနယ်ဇင်းများတွင် ရေးသားခွင့်မပြု

မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသော ပုဂ္ဂလိကဘဏ်များ၏ အကျပ်အတည်းနှင့်ပတ်သက်၍ စာနယ်ဇင်းများအားလုံးတွင် လုံးဝဖော်ပြရေးသားခွင့်မပြုကြောင်း အာဏာပိုင်များက အမိန့်ထုတ်ထားသည်ဟု ပြည်တွင်းစာနယ်ဇင်းသတင်းလောက၏ အဆိုအရ သိရသည်။

ထိုညွှန်ကြားချက်ကြောင့် အစိုးရပိုင်သတင်းစာများအားလုံးနှင့် ပုဂ္ဂလိကပိုင် ဂျာနယ်စောင်ရေ(၁၀၀)ခန့်တို့တွင် လက်ရှိကြုံတွေ့နေရသည့် စီးပွားရေးအကျပ်အတည်းများနှင့် ငွေကြေးပြဿနာကို တလုံးတပါဒမျှ ထည့်သွင်းရေးသားထားခြင်း မရှိကြောင်းလည်း ရန်ကုန်မှလာသည့် သတင်းများအရ သိရသည်။

ထိုသို့ညွှန်ကြားထားမှုနှင့်ပတ်သက်၍ အမည်မဖော်လိုသူ အယ်ဒီတာတဦးက အာဏာပိုင်များအနေဖြင့် ပုဂ္ဂလိကဘဏ်(၂၀)တို့၏ လက်ရှိပြဿနာ ပိုမိုကျယ်ပြန့်လာမည်ကို စိုးရိမ်သည့်အတွက် ရေးသားဖော်ပြခြင်းမပြုရန် တားမြစ်ထားခြင်းဖြစ်သည်ဟု ဆိုသည်။

ပုဂ္ဂလိကဘဏ်များအခြေအနေနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတရပ်တွင် မြန်မာနိုင်ငံဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က အာမခံပြောကြားပြီးနောက်ပိုင်း ဘဏ်များအားလုံးတွင် အပ်နှံငွေ ပြန်လည်ထုတ်ယူမှုများ အတောမသတ်ဖြစ်ပေါ်ခဲ့ရာ ဘဏ်လုပ်ငန်းများအားလုံး ငွေကြေးပြတ်လပ်သွားသည်အထိ ဖြစ်ခဲ့ရသည်။

ထိုနောက်ပိုင်းတွင် ဘဏ်များနှင့် ပတ်သက်သည့်သတင်းများအား စာနယ်ဇင်းများတွင် ရေးသားဖော်ပြခွင့်ကို ပိတ်ပင်သည့် အမိန့်ထုတ်ခဲ့ခြင်းဖြစ်သည်။ ❖

# “ဝင်း”မင်းဆက် နေအဝင် “ရွှေ”မင်းဆက် ဓါင်းထောင်လာ ပြည်သူများ အသိရှိရှိဖြင့် ချေမှုန်းသွားရမည်

မြန်မာနိုင်ငံကို စစ်အာဏာရှင်ကြီး ဦးနေဝင်းက လက်နက်(စစ်တပ်) အားကိုးဖြင့် နှစ်ပေါင်းများစွာ သက်ဦးဆံပိုင် ပဒေသရာဇ် ဘုရားကြီးတပါးလို ပြုမူစိုးစံနေသွားခဲ့ပြီးနောက်၊ ယခုတဖန် စစ်အာဏာရှင် မျိုးဆက်သစ် ဗိုလ်ချုပ်မှူးကြီးဆိုသူကလည်း ဆင်ဖြူရှင်တို့၏ ရေမြေ့သခင် ရှင်ဘုရင်ကြီးတပါးသဖွယ် ပြုမူလာနေကြောင်း အောက်ပါအဖြစ်သနစ်က ဖော်ပြနေပေသည်။

အချိန်က ဇန်နဝါရီ (၃၀)ရက် ညနေပိုင်း၊ ရန်ကုန်မြို့၊ မဟာဗန္ဓုလ လမ်းမကြီးအပေါ်တွင် လင့်ခရူဇာအမျိုးအစား ကားတစီး မောင်းနှင်လာသည်။ ထိုကားတွင် တပ်ဆင်ထားသည်က ပလပ်စတစ် နံပါတ်ပြားအတုဖြစ်နေသဖြင့် မော်တော်ယာဉ် ယာဉ်ထိန်းရဲသည် စစ်ဆေးရန် လက်ပြတားဆီးလိုက်၏။ သို့ရာတွင် ကားကရပ်မပေးသဖြင့် ယာဉ်ထိန်းရဲသည် လှည့်ကင်းတာဝန် ထမ်းဆောင်သည့် ယာဉ်ထိန်းရဲကားနှင့် ထိုကားနောက်သို့ ထပ်ချပ်မကွာ လိုက်ခဲ့တော့၏။

နံပါတ်ပြား အတုတပ်ဆင်ထားသည့် ကားကို မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော် လမ်းအနီး (၄၁)လမ်းထိပ် မီးပွိုင့်တွင် ဖမ်းမိသွား၏။

ယာဉ်ထိန်းရဲက ကားမောင်းလာသူအား နံပါတ်ပြားအတုတပ်ထား၍ ဖမ်းဆီးကြောင်း ပြောပြပြီး ယာဉ်မောင်းလိုင်စင်နှင့် ဘီးခွန်တောင်းရာ ကားမောင်းသူက “ဒါ....သမီးတော်ကား”ဟု ခွန်းတုန့်ပြန်သည်။ ယာဉ်ထိန်းရဲက ဘီးခွန်နှင့် လိုင်စင်ကို သာတောင်းရာ လိုင်စင်ကိုထုတ်ပေးပြီး ဘီးခွန်မရှိကြောင်း ပြော၏။

ထိုအချိန်တွင် မော်တော်ကား နောက်ခန်းမှ စီးနင်းလိုက်ပါလာသူ ကားပိုင်ရှင် ထွက်လာသည်။ ထွက်လာသူကား ကားမောင်းသူပြောသည့် “သမီးတော်” (သို့မဟုတ်) နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ သမီးအငယ်“ပေါက်ပေါက်”။ ပေါက်ပေါက်ကို မသိသည့်သူ မရှိနိုင်ပေ။ ဗိုလ်ချုပ်မှူးကြီးတို့၏ မိသားစုကို မင်းခမ်းမင်းနားများ၌သာမက ပြည်ပခရီးစဉ်များမှာ စိတ်ထင်တိုင်းသုံးခွင့်ရနေသည့် တိုင်းပြည်ဝင်ငွေတွေနှင့် အမြဲတမ်းလိုက်ပါခွင့်ရနေသူ။ မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတွေမှာ အကြိမ်ကြိမ်ပွဲထုတ် မိတ်ဆက်ပေးထားသူ။ “ပေါက်ပေါက်”ကို လူတိုင်း တွေ့နေမြင်နေကျ။

ယာဉ်ထိန်းရဲက မှင်တက်နေစဉ်မှာပင် ပေါက်ပေါက်က အသင့်ဆောင်ထားသည့် လက်ကိုင်ဖုန်းကိုကောက်၍ နှိပ်လိုက်လေ၏။ (၁၅) မိနစ်ခန့် အကြာမှာတော့ အခင်းဖြစ်ပွားရာနေရာသို့ ကားသုံးစင်း ဝူးခနဲပေါက်ချလာတော့၏။ ရိုးရိုးကားတွေတော့မဟုတ်။ စစ်သုံးနစ်ဆန်းကား(၂)စီးနှင့် အခြား(၁)စီး၊ ဒါတွင်လား၊ မဟုတ်သေး။ နောက်ထပ် ကားတွေ.... ကားတွေ .... ကားတွေ ပေါက်ချလာပြန်၏။ စစ်ဒေသမှ ကားများ။ စစ်တပ်အရာရှိကြီးများ။ သူတို့ ရောက်လာတော့ နံပါတ်တုတပ်ဆင်ထားသည့် သမီးတော်၏ ကားလေးက မောင်းထွက်သွားပြီး တာဝန်ရှိသူ ယာဉ်ထိန်းရဲများကတော့ ကျန်ရစ်ခဲ့၏။ ရိုးရိုးကျန်ခဲ့ခြင်းတော့မဟုတ်။ သူတို့အားလုံး အဖမ်းခံလိုက်ရပြီဖြစ်ပြီး စစ်ကားများနှင့် ခေါ်ယူသွားတော့၏။ လမ်းတာဝန်ကျ ယာဉ်ထိန်းရဲနှင့် လှည့်ကင်းတာဝန်ကျယာဉ်ထိန်းရဲ စုစုပေါင်း (၄)ဦး၊ ဒုရဲအုပ်တဦး၊ တပ်ကြပ်နှစ်ဦးနှင့် ဒုတပ်ကြပ်တဦး။ သူတို့ (၄)ဦး အဖမ်းခံခဲ့ရပြီး နောက်ပိုင်းဇာတ်လမ်းကခုထိ ဘာမျှဆက်မသိရသေး။ သူတို့ကံကြမ္မာက စစ်တပ်လက်ထဲမှာ။

ထိုယာဉ်ထိန်းရဲများကို တာဝန်ချထားသူ ရဲအုပ်အောင်နိုင်ကိုတော့ ချက်ချင်းနယ်ပြောင်းမိန့် ထုတ်လိုက်၏။

စင်စစ် ဥပဒေစည်းကမ်းချိုးဖောက်သူက ***မင်းကြီးတာကထွက်လာသည့် ရွှေသမင်မလေး ပေါက်ပေါက်။*** သမီးတော် အငယ်မလေး ပေါက်ပေါက်။ ပေါက်ပေါက်ကို “သမီးတော်”ဟု ခေါ်ဆိုရမှတော့၊ ဖခင်ဘုရင်ကြီးက နအဖဗိုလ်ချုပ်မှူးကြီး သန်းရွှေအပြင် တခြားရှိရိုးလား။

အဖြစ်က စည်းကမ်းဥပဒေအတိုင်း လိုက်နာဆောင်ရွက်ရင်း ရင်နာဖွယ်ကြုံတွေ့ရသူက တာဝန်ရှိ ယာဉ်ထိန်းရဲများ။

အာဏာရှင်ဦးနေဝင်းကြီး၏ တန်ခိုးသြဇာအာဏာတွေ ကျဆုံးချိန်၊ မြေးဖြစ်သူတွေကို နအဖကတရားမဝင် ကားသွင်းရောင်းဝယ်ဖောက်ကားမှုဖြင့် ဥပဒေအရ အရေးယူခဲ့ကြလေ၏။ ပေါက်ပေါက်သည်ကော။

ယခုသမီးတော် ပေါက်ပေါက်ကလည်း ထိုလမ်းကိုဖြင့် အစဉ်အလာမပျက် ဆက်ထိန်းနေလေပြီ။“နေဝင်းမင်းဆက်”တခန်းရပ်၍ “သန်းရွှေမင်းဆက်” အသက်ဆက်ကာ ဆင်းရဲတွင်းနက်နေသည့် တိုင်းပြည်ကို ဘယ်၍ဘယ်မျှ ဖျက်လိမ့်ဦးမည်မသိ။ မြန်မာပြည်မှာ“ရွှေမင်းဆက်”ကဖြင့် တချက်လွှတ်အာဏာစက်ကိုသုံး၍ တန်ခိုးသြဇာထူထောင်နေလေပြီ။

ထို့ကြောင့် စစ်အာဏာရှင်ပဒေသရာဇ်သွေးသစ်များ ဆက်လက်မရှင်သန်ရေး ပြည်သူလူထုကြီးတရပ်လုံး အစွမ်းကုန်ကြိုးပမ်း၍ အမြစ်ပြတ်ချေမှုန်းကြရုံမှတပါး အခြားမရှိတော့ပြီဖြစ်ကြောင်း သတိပေးလိုက်ရပေသတည်း။

❖ ❖ ❖

# အာဏာသူပုန်

မရှုံ့
နံရံလေးဘက် ဘောင်
သံတိုင်နဲ့ ချုပ်နှောင်
ထောင်ဆိုတာ ပျော်စရာမဟုတ်။

မကြောက်
တော်ရာမှာနေရဖို့
ခေတ်က သွန်းထုတ် ထုဆစ်ခဲ့
ကြိုးစင်ကို အံတုတဲ့ သား သူပုန်တွေ။

ရဲခဲ့
ယုံကြည်ချက် မြင့်မြင့်မားမားနဲ့
လေကိုဆန်တဲ့ ငှက်
ရေကိုဆန်တဲ့ ငါး
ပြောင်းပြန်စီးတဲ့ မြစ်
အာခံတဲ့ တော်လှန်သား
ရာဇဝင်မှာ တင်ထားရဲ ...။

(အကျဉ်းကျ နိုင်ငံရေးသမားများသို့)

**ဒေါင်း နီ**

(ခေတ္တ) မယ်ဟောင်ဆောင် အကျဉ်းထောင်
၂၁၊ ၁၊ ၂၀၀၃။

# အောင်သွယ်တော် ဒီစီအိုင်နှင့် နအဖ လမ်းခွဲကြပြီ

**ဖေဖော်ဝါရီ၊ (၂၉)ရက်။**

အမေရိကန်အစိုးရနှင့် ပုံမှန်ဆက်ဆံရေး ရရှိစေရေးအတွက်ဆောင်ရွက်ပေးရန် နအဖကငွေကြေးပေး၍ ငှားရမ်းခဲ့သည့် (ဒီစီအိုင်) အမေရိကန် လူထုဆက်ဆံရေး ကုမ္ပဏီကို စာချုပ်သက်တမ်း တနှစ်မပြည့်ခင်မှာပင် ဆက်မငှားတော့ရန် နအဖက ဆုံးဖြတ်လိုက်ကြောင်း ဖေဖော်ဝါရီ(၂၈) ရက်နေ့ထုတ် ဝါရှင်တန်ပို့စ် သတင်းစာတွင် ဖော်ပြထားသည်။

အဆိုပါ ကုမ္ပဏီကို နအဖက အမေရိကန် အစိုးရနှင့် ပုံမှန်ဆက်ဆံရေး ဆောင်ရွက်ရန် ရည်ရွယ်၍ တနှစ်စာချုပ်ဖြင့် ငှားရမ်းခဲ့ခြင်းဖြစ်ပြီး ၂၀၀၂ ခုနှစ်၊ ဧပြီလမှစ၍ ၂၀၀၃ ခုနှစ် မေလလယ်ထိ စာချုပ်ချုပ်ဆိုထားခဲ့သည်။ သို့ရာတွင် စာချုပ်သက်တမ်း မပြည့်မီ (၄)လအလိုတွင် နအဖက ယခုလိုဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး၊ လစာ(၈)လစာအတွက် အမေရိကန်ဒေါ်လာ(၃၄၀,၀၀၀) ပေးချေခဲ့သည်။ အမေရိကန်အခြေစိုက် အခြားကုမ္ပဏီတခုကို ထပ်မံငှားရမ်းရန် ရှာဖွေနေကြောင်း ဝါရှင်တန်ပို့စ်သတင်းစာတွင် ဖော်ပြထားသည်။

နအဖနှင့် ခွာပြဲသွားခဲ့သည့် ဒီစီအိုင် ကုမ္ပဏီ၏ အတွင်းရေးမှူးဖြစ်သူ ချားလ်ဖရန်စစ်သည် ရီပတ်ပလီကန် ပါတီဝင်တဦးဖြစ်ပြီး လက်ရှိအမေရိကန်သမတနှင့် အလွန်ရင်းနှီးသူဖြစ်သည်။ ဒီစီအိုင်သည် နအဖနှင့် လက်တွဲခဲ့သည့် (၈)လတာကာလအတွင်း မြန်မာနိုင်ငံအပေါ် အမေရိကန်အစိုးရ၏ သဘောထားပြောင်းလဲလာရေးကို နည်းမျိုးစုံ ကြိုးပမ်းခဲ့သည့် ကုမ္ပဏီတခုဖြစ်သည်။ ❖

# ကြားဝင်စေ့စပ်ဆွေးနွေးရေးကိစ္စ (NGOs) များကြောင့် အခက်အခဲဖြစ်

**ဖေဖော်ဝါရီ၊ (၂၇)ရက်။**

မြန်မာတိုင်းရင်းသား လူမျိုးစုများ လက်နက်ကိုင်များနှင့် စစ်အစိုးရကြား ကြားဝင်စေ့စပ်ပေးရာတွင် (NGOs)အစိုးရမဟုတ်သည့် အဖွဲ့အစည်းများကြောင့် အခက်အခဲဖြစ်ရကြောင်း ထိုင်းအစိုးရက ပြောဆိုခဲ့သည်။

ထိုင်းစစ်တပ် အကြီးအကဲတဦး၏ ပြောဆိုချက်ကို ကိုးကား၍ ဖေဖော်ဝါရီ (၂၄) ရက်နေ့ထုတ် ဘန်ကောက်ပို့စ်သတင်းစာတွင် ထိုင်းနိုင်ငံက နအဖစစ်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် လူမျိုးစုများအကြား ကြားဝင်စေ့စပ်မှုများ ပြုလုပ်ပေးရန် ဝန်ကြီးချုပ် တက်ဆင်ကပြောဆိုသော်လည်း အစိုးရမဟုတ်သည့် အဖွဲ့အစည်း (NGOs)များက တိုင်းရင်းသားလူမျိုးစုများကို အကူအညီပေးနေမှုကြောင့် အခက်အခဲဖြစ်သည်ဟုဆိုသည်။

ထိုသို့ (NGOs)များအပေါ် ထိုင်းအစိုးရက ဝေဖန်ပြောကြားသည့် ကိစ္စများနှင့် ပတ်သက်၍ ရောဝတီက ထိုင်းအခြေစိုက် (NGOs) အဖွဲ့အစည်းတခုကို ဆက်သွယ်မေးမြန်းခဲ့ရာ (NGOs)များအနေဖြင့် နိုင်ငံတကာ ဥပဒေအတိုင်း လိုက်နာကျင့်သုံး၍ ဒုက္ခသည်များအား ကူညီနေခြင်းဖြစ်ကြောင်း၊ စည်းမျဉ်းဥပဒေများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နေသည့်အပေါ် ထိုင်းအစိုးရတွင် ထိခိုက်နစ်နာစရာနှင့် ပြဿနာဖြစ်နိုင်စရာ ရှိမယ်မထင်ကြောင်း ပြောကြားသွားခဲ့သည်။

တိုင်းရင်းသားလူမျိုးစုအဖွဲ့များအား (NGOs)များက အကူအညီပေးနေမှုနှင့် ပတ်သက်၍ ကရင်အမျိုးသားအစည်းအရုံးမှ တာဝန်ရှိသူတဦးကို ရောဝတီက မေးမြန်းခဲ့ရာတွင် ၎င်းက (NGOs)အတွက် အခက်အခဲမရှိနိုင်ကြောင်း၊ ကေအင်န်ယူအနေဖြင့် ထိုင်းအစိုးရထင်မြင်သလို မယူဆကြောင်း ပြောကြားခဲ့သည်။

❖ ❖ ❖

# မြန်မာကိုအကူအညီများပေးရန် ရုရှားကရှေ့နေလုပ်

**ဖေဖော်ဝါရီ၊ (၁၈) ရက်။**

အမေရိကန်နှင့် ဥရောပသမဂ္ဂနိုင်ငံများက မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများပြုလုပ်နေချိန်တွင် မြန်မာနိုင်ငံ ဆိုင်ရာ ရုရှားသံအမတ်ကြီးက နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာနိုင်ငံအား အကူအညီ အထောက်အပံ့များ တိုးပေးကြရန် တိုက်တွန်းပြောဆိုလိုက်သည်။

နိုင်ငံတကာအသိုင်းအဝိုင်းက မြန်မာနိုင်ငံအားကူညီမှုများပေးလျှင် အရှေ့တောင်အာရှဒေသတွင် ပိုမိုတည်ငြိမ်မှုရှိသည့် နိုင်ငံတနိုင်ငံ ပေါ်ထွက်လာနိုင်ကြောင်း၊ ရုရှားနှင့် မြန်မာနှစ်နိုင်ငံဆက်ဆံရေးသည် မည်သည့်အခါကမျှ သဘောထားကွဲလွဲမှု မရှိခဲ့ဘဲ ကောင်းမွန်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် မြန်မာနိုင်ငံအပေါ် အကူအညီပေးနေသည့် နိုင်ငံတခုဖြစ်ပြီး နအဖနှင့် သဘောတူစာချုပ်များလည်း ရေးထိုးထားသည်။ ယင်းတို့အရ ရုရှားက မြန်မာနိုင်ငံတွင် နျူကလီးယား ဓာတ်ပေါင်းဖိုတခု တည်ဆောက်ပေးရန်နှင့် အမေရိကန်ဒေါ်လာ သန်း(၁၃၀)တန်ဖိုးရှိ (MiG-29) ဂျက်တိုက်လေယာဉ် (၁၀)စင်း ရောင်းချပေးရေးတို့ ပါဝင်သည်။ ❖

**စာမျက်နှာ (၄) မှ –**

လိုလားသည်ဟုသာ အဓိပ္ပာယ်ဖွင့်ဆိုရပေလိမ့်မည်” ဟု မြောက်ကိုရီးယား အစိုးရက ဇန်နဝါရီ ဒုတိယပတ်တွင် ကြေညာခဲ့သည်။

“ပိတ်ဆို့ အရေးယူမှုဆိုတာဟာ စစ်ပွဲကို တောင်းဆိုတာပဲ။ စစ်ပွဲဆိုတာဟာ သနားကြင်နာမှုရှိတာ မဟုတ်ဘူး၊ အမေရိကန်ဟာ မြောက်ကိုရီးယားနဲ့ တွေ့ဆုံဆွေးနွေးရေးကိုသာ ရွေးသင့်တယ်”ဟု မြောက်ကိုရီးယား၏ တရားဝင်သတင်းဌာနဖြစ်သော ကိုရီးယားဗဟိုသတင်းအေဂျင်စီ၏ ထုတ်ပြန်ချက်တွင် ပြောကြားခဲ့သည်။ ပီကင်းအနေဖြင့်လည်း သူ၏အိမ်နီးချင်းနိုင်ငံတွင် အသည်းအသန်ဖြစ်ပွားမှုများနှင့် ပတ်သက်၍ စိုးရိမ်ပူပန်စရာ အကြောင်းများစွာ ရှိသည်။ အဓိကအားဖြင့် ဒေသတွင်း လက်နက်ပြိုင်ဆိုင်မှု ဖြစ်ပွားလာမည်ကို ဖြစ်သည်။ ဤသို့ဖြစ်လာပါက ဂျပန်၊ တောင်ကိုရီးယားနှင့် ထိုင်ဝမ်သည်ပင် လက်နက်ပြိုင်ပွဲ အတွင်းသို့ ပါဝင်လာမည် ဖြစ်သည်။ သို့ဖြစ်ပါက အရှေ့အာရှတွင် မတည်ငြိမ်မှုကိုသာ ထပ်မံတိုးပွားလာစေလိမ့်မည် ဖြစ်သည်။

❖ ❖ ❖

**ပြည်သူသာ အခမ်း ပြည်သူသာ အခဖ**



မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# မြန်မာပြည် ဒီမိုကရေစီပြောင်းလဲရေး ကုလသမဂ္ဂကြီးမှူး၍ ဆွေးနွေးပွဲကျင်းပ

**ဖေဖော်ဝါရီ၊ (၁၅) ရက်။**

မြန်မာပြည်ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးအတွက် (၂)ရက်ကြာ ဆွေးနွေးပွဲတရပ်ကို ဖေဖော်ဝါရီ (၁၅)ရက်နေ့တွင် ကုလသမဂ္ဂမှကြီးမှူး၍ ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

ထိုအစည်းအဝေးသို့ အမေရိကန်၊ ဗြိတိန်အစရှိသည့် အနောက်နိုင်ငံများ အပါအဝင် ဂျပန်၊ အာဆီယံနိုင်ငံများနှင့် အာရှနိုင်ငံများမှ အစိုးရကိုယ်စားလှယ်များအပြင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာရာဇာလီလည်း တက်ရောက်ခဲ့သည်ဟု သိရသည်။ သို့သော် မြန်မာပြည်နှင့်ပတ်သက်၍ နအဖကို ဖိတ်ကြားခဲ့ခြင်းမရှိသလို၊ အတိုက်အခံအင်အားစုများကိုလည်း ဖိတ်ကြားခဲ့ခြင်း မရှိသည့် ထိုအစည်းအဝေးသည် တံပါးပိတ်အစည်းအဝေးတရပ်ဖြစ်သည်ဟု သိရသည်။

စစ်အစိုးရသည် နိုင်ငံရေးအရ စစ်မှန်သော တွေ့ဆုံဆွေးနွေးမှုကို လိုလားခြင်းမရှိကြောင်းကို မကြာသေးခင်က ထုတ်ဖော်ပြောဆိုချက်များကိုကြည့်လျှင် သိနိုင်ကြောင်း၊ ရှေ့မတိုးနောက်မဆုတ်သာဖြစ်နေသော မြန်မာ့နိုင်ငံရေးပဋိပက္ခကိုဖြေရှင်းရေးအတွက် အဓိကအခန်းမှပါဝင်နေသော နအဖနှင့် အဲန်အယ်ဒီတို့ မပါဝင်ဘဲ ဆွေးနွေးခြင်းသည် ယင်းဆွေးနွေးပွဲ၏ ရည်မှန်းချက်များ အောင်မြင်စေရေးကို အလှမ်းဝေးစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နောင်တွင် နအဖနှင့် အတိုက်အခံတို့၏ သဘောထားများကို တိုက်ရိုက်သိရှိနိုင်ရန် ဆွေးနွေးပွဲများတွင် ပါဝင်စေသင့်ကြောင်း ရေးသားထားသည့် စာတစောင်ကို တိုကျိုရှိ မြန်မာ့ဒီမိုကရေစီ လှုပ်ရှားသူများက မစ္စတာရာဇာလီထံသို့ ပေးပို့ခဲ့ကြသည်။

ထို့အပြင် မစ္စတာရာဇာလီအနေဖြင့် ကုလသမဂ္ဂအထွေထွေညီလာခံက ဆုံးဖြတ်ထားသည့်အတိုင်း ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော်စေရေးအတွက် စစ်အာဏာပိုင်များအား တိုက်တွန်းရန် မေတ္တာရပ်ခံထားသည်။

ဆွေးနွေးပွဲသို့တက်ရောက်မည့် ဂျပန်ကိုယ်စားလှယ်အား မြန်မာ့ဒီမိုကရေစီရေး ထောက်ခံအားပေးနေသော ဂျပန် အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (RENGO) မှ တာဝန်ရှိသူများ သွားရောက်တွေ့ဆုံခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် စစ်အာဏာပိုင်များအကြား ဆွေးနွေးပွဲများ စတင်မည့်အချိန်ကို အတိအကျသတ်မှတ်ရန် မစ္စတာရာဇာလီအနေနှင့် နအဖကို တိုက်တွန်းပြောဆိုရန် လိုအပ်ကြောင်း၊ လက်ရှိ ဂျပန်အစိုးရ၏ ပေါ်လစီသည် မြန်မာပြည်ဒီမိုကရေစီထွန်းကားရေးကို နှောင့်နှေးစေကြောင်း ပြောဆိုခဲ့ကြသည်ဟု သိရှိရသည်။ ❖

# တရုတ်ချေးငွေ ဒေါ်လာသန်း(၂၀၀) နှင့် နောက်ဆက်တွဲ

မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ သုံးစွဲရန်အတွက် ဦးစားပေးချေးငွေအနေဖြင့် အမေရိကန်ဒေါ်လာသန်း(၂၀၀)ကို တရုတ်ပြည်က အကူအညီပေးမည်ဖြစ်ကြောင်း နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ တရုတ်ပြည်ခရီးတွင် တရုတ်တို့က တရားဝင်ကြေညာသွားခဲ့သည်။

ထိုခရီးစဉ်အတွင်း မြန်မာနိုင်ငံနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ အမေရိကန်ဒေါ်လာ (၆)သန်းနှင့် ညီမျှသည့် တရုတ်ငွေ ယွမ်သန်း(၅၀)ကိုလည်း မြန်မာအစိုးရကို ကူညီဖြစ်ကြောင်း တရုတ်သမတ ကျန်ဇီမင်းက ပေကျင်းမြို့ နှစ်နိုင်ငံ ထိပ်သီးတွေ့ဆုံပွဲတွင် ထုတ်ဖော်ကြေညာခဲ့သည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ တရုတ်အာဏာပိုင်များနှင့်နီးစပ်သည့် အမည်မဖော်လိုသူတဦးက မြန်မာနိုင်ငံကို တရုတ်တို့က ချေးငွေ ဒေါ်လာသန်း(၂၀၀) ပေးမည့်စနစ်မှာ ငွေသားချေးငွေမဟုတ်ဘဲ စားသောက်ကုန်ပစ္စည်းများ၊ အားကစားပစ္စည်းများနှင့် လမ်း၊ တံတားနှင့် ဆောက်လုပ်ရေးပစ္စည်းများသာဖြစ်ပြီး၊ ယင်းပစ္စည်းများကို တရုတ်တို့က တန်ဖိုးသတ်မှတ်၍ ချေးငွေအဖြစ် ပေးခြင်းသာဖြစ်သည်ဟု ဆိုသည်။ ❖

## နအဖ၏ လုပ်ရပ်အပေါ် ဥရောပသမဂ္ဂအဖွဲ့ စိုးရိမ်နေ

**ဖေဖော်ဝါရီ၊ (၂၂)ရက်။**

ဒေါ်အောင်ဆန်းစုကြည်အပေါ် နအဖက ဆန့်ကျင်တိုက်ခိုက်မှုများ ပိုမိုပြုလုပ်လာခြင်းအတွက် ဥရောပသမဂ္ဂအဖွဲ့မှ စိုးရိမ်နေကြကြောင်း ရိုက်တာသတင်းတပုဒ်၌ ရေးသားထားသည်။

နအဖက ဒေါ်အောင်ဆန်းစုကြည်အပေါ် ယခုလို ဆန့်ကျင်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ထောက်ခံအားပေးနေသည့် ပြည်သူလူထုများ စိတ်ပျက်အားလျော့လာစေရန်နှင့် မြန်မာ့နိုင်ငံရေးတွင် ဒေါ်အောင်ဆန်းစုကြည်အား ပါဝင်လုပ်ဆောင်နိုင်ခြင်းမရှိအောင် ရည်ရွယ်ချက်ဖြင့် ပြုလုပ်နေခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ပြီးခဲ့သည့်လအတွင်းက နိုင်ငံရေးလှုပ်ရှားသူများအား ဖမ်းဆီးထောင်ချခြင်းများကြောင့် (EU)အဖွဲ့မှ အလွန်စိုးရိမ်နေကြောင်းလည်း ပြောဆိုသွားသည်။ ဥရောပသမဂ္ဂအဖွဲ့ဥက္ကဋ္ဌ၏ ၂၀၀၂ ခုနှစ်၊ အောက်တိုဘာ (၁၁)ရက်နေ့ ကြေညာချက်ထုတ်ပြန်ပြီးနောက်ပိုင်း ယခုလို ဖမ်းဆီးထောင်ချခြင်းများ ပိုမိုများပြားလာခြင်းကြောင့် စိုးရိမ်ဖွယ်ရာ ဖြစ်လာရကြောင်းဖော်ပြထားသည်။

ယင်း လုပ်ရပ်များသည် မြန်မာနိုင်ငံကို ဒီမိုကရေစီနိုင်ငံအဖြစ် ထူထောင်မည်ဟူသည့် နအဖ၏ကြေညာချက်နှင့် ဆန့်ကျင်ဘက်ဖြစ်နေ၍ ဥရောပသမဂ္ဂအနေဖြင့် အလွန်စိုးရိမ်နေကြောင်း ပြောကြားခဲ့သည်။

❖ ❖ ❖

# "ဘဘ" သို့မဟုတ် မှန်ထိုင်းကြားက ကြယ်စင်



ဂျနီဗာညီလာခံ၌ နိုဗယ်ဆုရှင် ရီဂိုဘာတာမန်ချူးနှင့်

**ရဲထွန်း**

သက္ကရာဇ် ၂၀၀၃ ဖေဖော်ဝါရီ (၂၇) ရက်၊ နံနက် တရုတ်–မြန်မာနယ်စပ်တနေရာ။ ဘဘကွယ်လွန်သွားပြီဟူသော သတင်းကို ရေဒီယိုမှကြားရတော့ တုန်လှုပ်မှုနဲ့အတူ ထိခိုက်ကြေကွဲမှုကို တပြိုင်နက်ခံစားလိုက်ရသည်။ ညီလေးရေ .... ဘဘသေရင်တော့ ရက်မကူးစေနဲ့၊ မီးသင်္ဂြိုဟ်လိုက် ပြာအိုး (၂)လုံးရရင် တလုံးကို မြန်မာပြည်ဘက်ကမ်းမှာမြှုပ်၊ ကျန်တလုံးကိုတော့ မင်းအမကြီးထံကို အခြေအနေပေးရင်ပို့ပေးဟူသော အမှာစကားကိုကြားယောင်နေမိသည်။ သေစကားမပြောနဲ့ဦး ဘဘ၊ တကယ်ဖြစ်တတ်တယ်ဟု ပြန်နောက်တော့ လူဆိုတာတရားရှိမှညီလေး၊ အထူးသဖြင့် တော်လှန်ရေးသမားတွေဟာ ပိုတရားရှိရတယ်ဟူသော ပြောစကားကို ထပ်တလဲလဲ ကြားယောင်နေမိသည်။

သူနဲ့စတွေ့တာက သက္ကရာဇ် ၁၉၉၁ တော့ ဘဘတယောက် ဗဟိုကော်မတီတာဝန် ပြန်ယူရသည်။ ဗဟိုပြန်ကြားရေးဌာနတာဝန်ခံအဖြစ် မျိုးတူးတက်ကြွစွာ အဖွဲ့ချုပ်အာဘော်ရွှေခမောက် ထုတ်ဝေရေးတာဝန်များနှင့် လုံးပန်းနေတဲ့ ဘဘကို ဌာနချုပ်မှာတွေ့နေရသည်။ တခါတရံ ရေဒီယိုတလုံး၊ အသံဖမ်းစက်တလုံးဖြင့်အလုပ်ရှုပ်နေပြီး၊ တခါတခါ အဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ဗဟိုကို အကြံပြုစာများ ရေးနေတတ်သည်။ ခေတ်ပြိုင်သတင်းစာသို့ မောင်မြင့်အောင် (မန္တလေး)၊ ဘိုးတော်မန်း ကလောင်အမည်များဖြင့် ဘဘတယောက် ဆောင်းပါးတွေပေးပို့စဉ်ကာလတုန်းက ဆောင်းပါးများ ဘဘနာမည်ဖြင့် ပါလာပြီဆိုရင် ဘဘမျက်နှာက မှိုရသလို ပျော်ရွှင်နေတတ်သည်။ သည်အလုပ်တွေကို ဘဘလုပ်ဖူးတာမဟုတ်ဘူး ညီလေးရ၊ ဒါပေမဲ့ တော်လှန်ရေးတာဝန်အနေနဲ့ယူဆပြီး မသွား၊ ငါဘယ်တော့မှ (refugee)မလျှောက်တဲ့။ တနေ့နေ့ အောင်ပွဲနဲ့အတူပြန်ရရင် (NLD) အလံကို ရှေ့ဆုံးကကိုင်ပြီး မြန်မာပြည်တွင်းပြန်ဝင်ပါရစေ။ ငါ့မြေးတွေဟာ ငါ့အတွက် ဂုဏ်ယူနေတာကိုပဲလိုချင်တယ် ဆိုတဲ့ အပြောများသည် ဘဘပြောလေ့ရှိတဲ့ လက်သုံးစကားများ ဖြစ်ပါသည်။

ကျနော် ခရီးမထွက်မီ ဘဘနဲ့ နိုင်ငံရေး ကိစ္စများ ဆွေးနွေးဖြစ်ကြသည်။ အထူးသဖြင့် အဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)ရဲ့ ရှေ့ရေးနဲ့ပတ်သက်၍ စိုးရိမ်ပူပန်မှုများကို ပြောသည့်အခါ၌ ဘဘမျက်နှာ ညှိုးငယ်နေသည်။ တော်လှန်ရေး၏ အောင်ပွဲကဏ္ဍပိုင်းကို ရှင်းပြတော့မှ ဘဘမျက်နှာက ဝင်းလက်ကြည်လင်လို့လာသည်။ အဖွဲ့ချုပ်တည်ဆောက်ရေး ကိစ္စများကိုဆွေးနွေးကြတော့ ဘဘတယောက် အားမာန်များဖြင့် တက်ကြွနေသည်။ သူ့အပြုံး၊ သူ့အားမာန်က ကျနော်တို့ကို စွမ်းအားဖြစ်စေသည်ကို ဘယ်တော့မှ မမေ့နိုင်ပါ ဘဘ။

> **"တနေ့နေ့ အောင်ပွဲနဲ့အတူပြန်ရရင် န်အယ်လ်ဒီအလံကို ရှေ့ဆုံးကကိုင်ပြီး မြန်မာပြည်တွင်း ပြန်ဝင်ပါရစေ၊ ငါ့မြေး တွေဟာ ငါ့အတွက် ဂုဏ်ယူနေတာကိုပဲ လိုချင်တယ်"**

ဖေဖော်ဝါရီ (၁၄)ရက်၊ မာနယ်ပလော ဌာနချုပ်တနေရာမှာ ဖြစ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) စဖွဲ့စည်းတော့ ဗဟိုစည်းရုံးရေး ကော်မတီဝင်အဖြစ် သူရော ကျနော်ပါ ပါကြသည်။ သူက ကုန်သည်၊ မန္တလေးဈေးချိုထဲမှာ ဆိုင်ခန်း(၃)ခန်းပိုင် လုပ်ငန်းရှင်တဦးဖြစ်သည်။

နိုင်ငံရေး နောက်ကြောင်းမရှိပေမဲ့ ရှစ်လေးလုံး လှိုင်းလုံးက ပင့်ဆောင်ပေးလိုက်သော တော်လှန်ရေးမျိုးဆက်ဖြစ်သည်၊ အသက် (၅၂)နှစ်ခန့် အရွယ်ဖြစ်သည်။ လူအိုပေမဲ့ အတွေးအခေါ်က ပျိုသည်။ တော်လှန်ရေးသက်တမ်းနုပေမဲ့ လူထုအတွေးအခေါ်ကို ကိုယ်စားပြုသည်။ ခါးသီးပြင်းထန်သော မုန်တိုင်းကြမ်းကို မည်သို့ပင် ဖြတ်ရဖြတ်ရ တော်လှန်ရေးလမ်းကြောင်းမှ စိုးစဉ်းမျှမသွေဖည်ခဲ့။ ၁၉၉၅ အဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)ညီလာခံတွင် ဘဘတယောက် ဗဟိုကော်မတီဝင်စာရင်းမှာမပါတော့၊ ရိုးရိုးလေးရဲဘော်၊ သူ့အခေါ် ဒုရဲဘော်အဆင့်ဖြင့် အဖွဲ့ချုပ်ကပေးတဲ့ တာဝန်ကိုယူသည်၊ ကျရာတာဝန်ကို ထမ်းသည်။ ၁၉၉၇ အဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ဒုတိယ ညီလာခံမှာ တတ်သလောက်

ဘာပဲဖြစ်ဖြစ် ဘဘ ပြုံးနေမယ်ဟု ပြောလေ့ရှိသည်။ နောက်ဆုံးတော့ ဘဘတယောက် (Independent Pen Organisation)အဖွဲ့ဝင်တယောက် ဖြစ်လာသည်။

အဘအရွယ်မဟုတ်ပေမဲ့ ကျွန်တော်တို့က ဘဘလို့ခေါ်သည်ကို ကျေကျေနပ်နပ်ခံယူသော ဘဘတယောက် သက္ကရာဇ်၂၀၀၀ မှာကျင်းပတဲ့ (NLD-LA) တတိယအကြိမ်ညီလာခံမှာ ရိုးရိုးလေးရဲဘော် ပြန်ဖြစ်သွားသည်။ သူ့မူအတိုင်း အဖွဲ့ချုပ်တာဝန်ကို ကျရာနေရာမှ မငြီးမငြူ ထမ်းရွက်ရှာသည်။ ပြန်ကြားရေးတာဝန်ခံအဆင့်မှ ပြန်ကြားရေး ကော်မတီဝင်အဖြစ် (NLD-LA)၏ အာဘော်စာစောင်များ ပေါ်ထွက်လာရေးကို မနားမနေ ကြိုးပမ်းရှာသည်။ အလုပ်ပင်ပမ်းမှုနှင့် ဆေးလိပ်အသောက်များမှု ရောပြွန်း၍လားမသိ၊ ဘဘတယောက် ဆေးစစ်ကြည့်ရာ (တီဘီ)ဖြစ်နေပြီဟု သိလိုက်ရသည်။ ဒါပေမဲ့ ဘဘစိတ်ဓာတ်မကျ၊ ဆေးကို တဖက်ကသောက်ရင်း တဖက်က အလုပ်နဲ့လက်မပြတ်။ သူအမြဲတမ်းပြောလေ့ရှိသည်က တော်လှန်ရေးက ဘယ်တော့မှ ခွဲထွက်

အသက်(၆၄)နှစ်လို့သာပြောသည်၊ ဘဘတယောက် အချိန်ပြည့်တက်ကြွနေတတ်သည်ကို သူနှင့်ရင်းနှီးသူတိုင်းက အသိအမှတ်ပြုကြရသည်။ ပြီးခဲ့သည့်လပိုင်းက တွေ့တော့ ညီလေးရေ ဒေါက်တာတင့်ဆွေနဲ့ သွေးတိုင်းကြည့်တော့ အပေါ်သွေး(၁၉၀)တောင်ရှိတယ်လို့ပြောတယ်ဟုပြောလာသည်။ ကျနော် အထူးတလည် မပူပန်မိ။ လူကြီးတယောက် သွေးလေအပြောင်းအလဲ ခေတ္တခဏဖြစ်တာပဲလို့တွေးမိရင်း ဘဘပခုံးကိုဖက်ပြီး ဘဘနော် ကျန်းမာရေးဂရုစိုက်၊ တော်ကြာ ညီလေးစာ ဖြစ်သွားဦးမယ်ဟု သူငယ်ချင်းပြောပြောရင်း နှစ်ယောက်သားရယ်မောမိကြသည်။ အဲသည်တုန်းက အခုလိုအဖြစ်ဆိုးမျိုး ကြုံတော့မယ်ဟု ကျနော် မရိပ်မိခဲ့။

အခုတော့ တော်လှန်ရေးကြယ်တပွင့် ကြွေလွင့်လေပြီ။

ကြယ်ပွင့်များကား ကြွေမြဲ။ အသစ်အသစ်သော ကြယ်ပွင့်များကား ဝေဆဲဖြစ်သည်။ ဘဘတယောက် အသက်ပေး၍ စွန့်လွှတ်သွားသော မပြီးဆုံးသေးသည့် တော်လှန်ရေးလမ်းကြောင်းကို ဘဘလို စိတ်ဓာတ်ဖြင့် ဆက်လက်လျှောက်လှမ်းကြရမည်ဖြစ်သည်။ ကြီးကြယ်မြင့်မြတ်သော၊ စွန့်လွှတ်အနစ်နာခံသော၊ ပြည်သူကို အကျိုးပြုသော ဘဘစိတ်ဓာတ်ကို ကျနော်တို့ နှလုံးသားတွင် ကမ္ပည်းကျောက်စာထုထွင်းရပါမည်။ ဘဘစိတ်ဓာတ် ကမ္ဘာတည်သရွေ့ အဓွန့်ရှည်ပါစေသော၀်။ ❖

# အန်အယ်လ်ဒီ၏ ထုတ်ပြန်ကြေညာချက်ကို နအဖ တုံ့ပြန်

**ဖေဖော်ဝါရီ၊ (၂၅)ရက်။**

ဗဟန်းမြို့နယ်တရားရုံးက ဒေါ်အောင်ဆန်းစုကြည်အပေါ် ချမှတ်ခဲ့သည့် ပြစ်ဒဏ်သည် နိုင်ငံရေး ပယောဂမကင်းကြောင်း၊ အန်အယ်လ်ဒီနှင့်ပတ်သက်သည့် စီရင်ချက်များတွင် အာဏာပိုင်များက ညွှန်ကြားချက်များ ပေးနေကြောင်း ဖေဖော်ဝါရီ(၂၃)ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြေညာချက်ထုတ်ပြန်ခဲ့ရာ ထိုကြေညာချက်ကို တုံ့ပြန်သည့်အနေဖြင့် နအဖ သတင်းနှင့် ပြန်ကြားရေးကော်မတီက အန်အယ်လ်ဒီသည် တရားစီရင်ရေးအပေါ် ခုတုံးလုပ်၍ နိုင်ငံရေး ကစားနေကြောင်း ကြေညာချက်တစောင် ပြန်လည်ထုတ်ပြန်ခဲ့သည်။

ယင်းကြေညာချက်ထဲတွင် ထိုအမှုကို မတ်လ (၁၄) ရက်နေ့သို့ ရွှေ့ဆိုင်းလိုက်ကြောင်း ဖော်ပြထားသည်။

❖ ❖ ❖

# တိုက်ပွဲသတင်းများ



**တပ်မဟာ(၇)ခရိုင်**

**၂-၁-၀၃။** မိမိတပ်မှ မြပတိုင်ရွာရှိ ရန်သူ ဒီကေဘီအေကို ဝင်ရောက်တိုက်ခိုက်။ ကာဘိုင် (၁)လက်၊ မဂ္ဂဇင်း(၁)ချပ်၊ ကျည် (၃၅)တောင့်၊ ပစ္စတို မဂ္ဂဇင်းတချပ်၊ ကျည်(၃)တောင့်၊ နင်းမိုင်း (၂)လုံး၊ ခွင်းဗုံး (၆)လုံး၊ ယူနီဖောင်း (၄)စုံ၊ အီကွေးမင့် (၂)စုံ၊ ပုခက် (၁)လုံးရရှိ။

**၃-၁-၀၃။** မိမိတို့တပ်မှ ကျော်ဒလေးခို့ လမ်းမပေါ်မှ ရန်သူကို ပြောက်ကျားဝင်ပစ်။ ရန်သူ (၂)ယောက်ဒဏ်ရာရ။

**၄-၁-၀၃။** ၂၀း၀၀-အချိန် မိမိတပ်ရင်း(၂၁)မှ ရှမ်းရွာသစ်ရှိ ရန်သူကို ပြောက်ကျားဝင်ပစ်။ ရန်သူ (၇)ယောက်ဒဏ်ရာရ။

ထိုနေ့ ၁၁း၃၅ အချိန် နောင်ကိုင်းရွာတွင် လမ်းတာဝန်ယူနေသည့် ရန်သူ (ခမရ-၅၄၉)အား မိမိတပ်မှ ပြောက်ကျားဝင်ရောက် တိုက်ခိုက်ခဲ့ရာ ရန်သူ (၃)ဦးသေ၊ (၇)ဦးဒဏ်ရာရ။

**၅-၁-၀၃။** ၁၄း၃၅ အချိန် မဲ့ဖာလဲ့ရွာအနီး ရန်သူကို ပြောက်ကျားဝင်ပစ်၊ ထိခိုက်ဒဏ်ရာရမှု မသိရ။

**၆-၁-၀၃။** ၁၅း၂၅ အချိန်။ မဲ့ဖာလဲ့ရွာအနီး ဒီကေဘီအေကို ဝင်ပစ်၊ ရန်သူ(၂)ဦး အပြင်းအထန်ဒဏ်ရာရ။

**၉-၁-၀၃။** မိမိတပ်ရင်း (၂၁)မှ မဲ့တော့ဒေးရှိ ရန်သူကို ပြောက်ကျားဝင်ပစ်၊ ရန်သူတဦး မိုင်းနင်းမိခြေပြတ်၊ အခြား (၂) ဦး ဒဏ်ရာရ။

**၁၅-၁-၀၃။** ရန်သူ ခမရ (၂၀၆) စစ်ကြောင်းနှင့် ဗကခင်ဇော်ဦး ဦးစီးအဖွဲ့ကို တပ်မဟာ(၇)လုံခြုံရေးအဖွဲ့မှ ပြောက်ကျားဝင်ပစ်၊ ရန်သူနှစ်ဦး ဒဏ်ရာရ။

**၇-၂-၀၃။** ကွီးသောဟဲနှင့် မဲ့တမူးထကြား ဒီကေဘီအေ(၅၅၅) ရွှေသန်းကြည် ဦးစီးအဖွဲ့အား မိမိတို့ တပ်မဟာ လုံခြုံရေးတပ်မှ ပြောက်ကျား ဝင်ပစ်၊ ရန်သူတဦးသေ မိမိဘက် ထိခိုက်ဒဏ်ရာရမှု မရှိ။

**၁၂-၂-၀၃။** တာရီဖိုးကွီးရှိ ရန်သူ ဒီကေဘီအေကို မိမိတပ်မဟာမှ ဝင်ရောက်တိုက်ခိုက်၊ ရန်သူ (၂)ဦးသေ၊ (၃)ဦး ဒဏ်ရာရ၊ (၅) ဦးထွက်ပြေးလွတ်မြောက်၊

**၁၆-၂-၀၃။** ကျော်ဒလေးခို့ရွာအနီး ရန်သူ ခမရ (၂၀၃)အား ဝင်ရောက်တိုက်ခိုက်၊ ရန်သူတဦးသေ၊ တဦးဒဏ်ရာရ။

❖ ❖ ❖

**နောက်ကျောဖုံးမှ –**

ထို့နောက် ဦးစိုးအောင်သည် ၎င်း၏ဆန္ဒအတိုင်း နေအိမ်မှ ထွက်ခွာသွားခဲ့သော်လည်း (၄၊ ၇၊ ၂၀၀၂)နေ့တွင် နေအိမ်ခြံဝင်းအတွင်းသို့ ဝင်ခွင့်ပြုရန် သက်ဆိုင်ရာလုံခြုံရေးတာဝန်ယူထားသူများထံ ပြောဆိုခဲ့ရာ ဒေါ်အောင်ဆန်းစုကြည်က ဝင်ခွင့်မပြုခဲ့ကြောင်း ဦးစိုးအောင်က (၅၊ ၇၊ ၂၀၀၂)နေ့တွင် ဗဟန်းတရားရုံးသို့ တိုင်ကြားခဲ့သည်။

ဗဟန်းမြို့နယ်တရားရုံးက(၈၊ ၅၊ ၂၀၀၂)နေ့တွင် ဒေါ်အောင်ဆန်းစုကြည် တိုင်ကြားခဲ့သည့်အမှုကို အမှုအမှတ်၂၉၆/၂၀၀၂ အဖြစ် ရုံးတင်ခဲ့ပြီး၊ (၅၊ ၇၊ ၂၀၀၂)နေ့၌ ဦးစိုးအောင် တိုင်ကြားသည့်အမှုကို အမှုအမှတ်၂၈၃/၂၀၀၂ ဖြင့် လက်ခံခဲ့သည်။ ဤလုပ်ရပ်သည် ဒေါ်အောင်ဆန်းစုကြည်၏ တိုင်ကြားမှုကို နှောင့်နှေးကြန့်ကြာအောင်ပြုလုပ်၍ တမင်အကွက်ဆင်ကာ တရားလိုကို တရားခံဖြစ်အောင် ဖန်တီးစွဲဆိုထားသည်ဟု ကြေညာချက်၌ ဖော်ပြထားသည်။

ကြေညာချက်ထဲတွင် ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာ (၉)ရက်နေ့က ကုက္ကိုင်းလမ်းဆုံအလွန်၊ ကမ္ဘာအေးလမ်းမပေါ်နှင့် တက္ကသိုလ်ရိပ်သာလမ်းတလျှောက် လမ်းမများတွင် လူရမ်းကားများက ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့အား အကြမ်းဖက်ခဲ့သည့်ကိစ္စအပေါ် အရေးယူပေးရန် ဗဟန်းရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့ပြီး အမှုမှန်ပေါ်ပေါက်ရေးအတွက် စစ်ဆေးပေးရန် နဝတကို ကြေညာချက်တစောင်ထုတ်ပြန်၍ တောင်းဆိုခဲ့သော်လည်း မည်သည့်အရေးယူမှုမှ မပြုလုပ်ခဲ့ကြောင်း ထောက်ပြရေးသားထားသည်။

ဆက်လက်၍ ယခုအမှုကို (၂၁၊ ၂၊ ၂၀၀၂) ရက်နေ့က ဗဟန်းမြို့နယ်တရားရုံးတွင် ကြားနာစစ်ဆေးပြီး စီရင်ချက်ချခဲ့ရာတွင် ဒေါ်အောင်ဆန်းစုကြည်အား မတရားတားဆီးကန့်ကွက်မှုအတွက် အပြစ်ရှိကြောင်းဆုံးဖြတ်၍ ဒဏ်ငွေ(၅၀၀)ကျပ် သို့မဟုတ် အလုပ်မဲ့ပြစ်ဒဏ် (၇)ရက်ကျခံစေရန်အမိန့်ချမှတ်ပြီး ဦးစိုးအောင်၏ပြစ်ဒဏ်ကို မောင်နှမချင်းဖြစ်သည့်အတွက် သက်ညှာသည့်အနေဖြင့် ဒဏ်ငွေ (၁၀၀၀)ကျပ် သို့မဟုတ် ထောင်ဒဏ် (၁)လ ကျခံရန် အမိန့်ချမှတ်ခဲ့သည်။

ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ ပြစ်ဒဏ်ချမှတ်ခြင်းသည် တရားမျှတမှုမရှိသည့် စီရင်ချက်ဖြစ်ကြောင်း ကြေညာချက်၌ဖော်ပြထားပြီး၊ ဒေါ်အောင်ဆန်းစုကြည်က ယင်းစီရင်ချက်ကို လက်မခံနိုင်ကြောင်း၊ ဒဏ်ငွေလည်း လုံးဝပေးဆောင်မည်မဟုတ်ကြောင်း၊ ထောင်ချနိုင်ကြောင်း တရားသူကြီး ဒေါ်မိုးမိုးအေးကို တရားခွင်တွင် အသိပေးခဲ့သည်။

ဤစီရင်ချက်မှာ နိုင်ငံရေးသဘောထားပါသည်ဟု သတ်မှတ်ရမည်ဖြစ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့်ပတ်သက်သမျှ တရားရုံးများ၏ စီရင်ချက်မှန်သမျှသည် အာဏာပိုင်များ၏ညွှန်ကြားချက်ဖြင့်သာ လုပ်ဆောင်နေကြောင်း ဖော်ပြထားသည်။ ❖

# သီလရှင်များအပါအဝင် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် ဂျပန်ရှိ ဘာသာရေးအဖွဲ့ များက တောင်းဆို

**ဖေဖော်ဝါရီ၊ (၂၆) ရက်။**
**[ဧရာဝတီ]**

ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ဒီမိုကရေစီရေး တောင်းဆိုဆန္ဒပြမှုဖြင့် နအဖစစ်အစိုးရ၏ ဖမ်းဆီးခြင်းခံခဲ့ရသော သီလရှင်များအပါအဝင် မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် ဂျပန်နိုင်ငံရှိ ဘာသာရေးအဖွဲ့အစည်းများက နအဖစစ်အုပ်စုထံ တောင်းဆိုလိုက်သည်။

ဖေဖော်ဝါရီ(၂၅)ရက်နေ့က ထုတ်ပြန်ခဲ့သည့် ကြေညာချက်တရပ်တွင် ထိုသို့ တောင်းဆိုလိုက်ခြင်းဖြစ်ပြီး နိုင်ငံတကာ ဗုဒ္ဓဘာသာအဖွဲ့ဖြစ်သည့် International Network of Buddhists (Japan)၊ တိုကျိုအခြေစိုက် ဗုဒ္ဓဘာသာဝင် အမျိုးသမီးအသင်းနှင့် နာဂိုယာ အခြေစိုက် ဗုဒ္ဓဘာသာဝင် အမျိုးသမီးအသင်းတို့က စုပေါင်းထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

နအဖခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ပေးပို့ခဲ့သည့် အဆိုပါ ကြေညာချက်တွင် ဇန်နဝါရီ (၁၆)ရက်နေ့က ဖမ်းဆီးခံခဲ့ရသော သီလရှင်နှစ်ပါးအနေဖြင့် ပြည်သူလူထုများ ဆင်းရဲနွမ်းပါးနေမှုအပေါ် စိုးရိမ်မှုဖြင့်တောင်းဆိုခဲ့ကြသည်ဟု နားလည်ထားကြောင်း၊ ဖမ်းဆီးခံရပြီးနောက်ပိုင်း ယခုထိ ၎င်းတို့အခြေအနေနှင့်ပတ်သက်၍ ဆက်လက်ကြားသိရမှုမရှိသဖြင့် စိုးရိမ်ပူပန်မိကြောင်း ဖော်ပြထားသည်။ ထို့ပြင် ထိုဆရာလေးနှစ်ပါးအား နှိပ်စက်ညှဉ်းပန်းမှုများ မပြုလုပ်ရန်နှင့် ဖမ်းဆီးထားသည့် နိုင်ငံရေးအကျဉ်းသားများအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန် အဆိုပါ ဘာသာရေးအဖွဲ့များက တောင်းဆိုထားကြောင်း သိရှိရသည်။

❖ ❖ ❖

# နအဖက အမေရိကန်အစိုးရအား ကမ်းလှမ်းမှုနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ တုံ့ပြန်ချက်

**ဖေဖော်ဝါရီ၊ (၂၁)ရက်။**

မြန်မာ့အနာဂတ်နိုင်ငံရေး ပူးပေါင်းဆောင်ရွက်နိုင်ရန် အမေရိကန်အစိုးရနှင့် ဆွေးနွေးလိုပါကြောင်း နအဖ၏ ကြေညာချက်နှင့်ပတ်သက်၍ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ရှင်းလင်းချက်တစောင် ထုတ်ပြန်လိုက်သည်။

နအဖ၏ ထုတ်ပြန်ကြေညာချက်ကိုသာ တွေ့ရှိရပြီး တွေ့ဆုံဆွေးနွေးရေးအတွက် အမေရိကန်အစိုးရကို တရားဝင် အဆိုပြုလာခြင်းမျိုး မရှိသေးပါဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ဆိုသည်။ ၎င်းက အဆိုပါကိစ္စနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် လောလောဆယ် သဘောထားပေးရန် စောလွန်းနေသေးကြောင်း ပြောဆိုခဲ့ပြီး၊ နအဖအနေဖြင့် လူ့အခွင့်အရေးကို လေးစားပြီး ဒီမိုကရေစီရေးကို ရှေးရှုသည့် ခြေလှမ်းများ လှမ်းမည်ဆိုပါက အမေရိကန်နိုင်ငံက ကြိုဆိုပါကြောင်း ပြောကြားသွားခဲ့သည်။

သို့ရာတွင် အဓိကအရေးကြီးဆုံး အချက်မှာ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သည့် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် နအဖတို့အကြား တွေ့ဆုံဆွေးနွေးပွဲကို စတင်ရန်သာဖြစ်ကြောင်း ၎င်းကအလေးထား ပြောကြားသွားခဲ့သည်ဟု အေအက်ဖ်ပီ သတင်းတရပ်တွင် ဖော်ပြထားသည်။ ❖

မိုးကြိုး သတင်းစဉ်

သို့

စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်ပါသည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
binamojo@cscoms.com

BINA
Burma Independent News Agency

မြန်မာနိုင်ငံ
လွတ်လပ်သည့်သတင်းအေဂျင်စီမှ
ထုတ်ဝေဖြန့်ချိသည်။

အယ်ဒီတာ
ခင်လွန်း

မိုးကြိုး
ပရိတ်သတ်များသို့ ...

မိုးကြိုးသတင်းစဉ်ကို ပုံမှန်ရယူလိုသော မဲဆောက်ရှိအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအနေဖြင့် မိမိတို့၏ ဆက်သွယ်ရန်လိပ်စာများ ပေးပို့၍ မှာယူဖတ်ရှုနိုင်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

# ပြည်သူ့လွှတ်တော် ပေါ် ပေါက်လာရေးအတွက် ဦးဆောင်ကြိုးပမ်းနေကြသူများ

| စဉ် | အမည် | တာဝန် | မဲဆန္ဒနယ် | အဖွဲ့အစည်း |
|---|---|---|---|---|
| ၁ | ဦးအောင်ရွှေ | ဥက္ကဋ္ဌ | မရမ်းကုန်းမြို့နယ် (၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| ၂ | ဦးသန်းထွန်း | အတွင်းရေးမှူး | တောင်သာမြို့နယ် (၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| ၃ | ဦးအေးသာအောင် | အတွင်းရေးမှူး | | ရခိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| ၄ | ဦးတင်ဦး | အဖွဲ့ဝင် | | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| ၅ | ဒေါ်အောင်ဆန်းစုကြည် | အဖွဲ့ဝင် | | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| ၆ | ဦးလွင် | အဖွဲ့ဝင် | သုံးခွမြို့နယ် (၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| ၇ | ဦးလှဖေ | အဖွဲ့ဝင် | မော်လမြိုင်ကျွန်း (၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| ၈ | ဦးစိုးမြင့် | အဖွဲ့ဝင် | တောင်ဥက္ကလာပ (၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| ၉ | ဦးလွန်းတင် | အဖွဲ့ဝင် | မော်လမြိုင်မြို့နယ် (၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| ၁၀ | ဦးညွန့်ဝေ | အဖွဲ့ဝင် | တောင်ငူမြို့နယ် (၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| ၁၁ | ဦးနိုင်ထွန်းသိန်း | အဖွဲ့ဝင် | သံဖြူဇရပ်မြို့နယ် (၁) | မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| ၁၂ | ဦးပူကျင့်ရှင်ထန် | အဖွဲ့ဝင် | တီးတိန် (၂) | ဇိုမီးအမျိုးသား ကွန်ဂရက် |
| ၁၃ | ဦးခွန်ထွန်းဦး | အဖွဲ့ဝင် | သီပေါမြို့နယ် (၁) | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် |
| ၁၄ | ဦးလှမောင် | အဖွဲ့ဝင် | ကြာအင်းဆိပ်ကြီး (၁) | မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့ |
| ၁၅ | ဦးစိုးဝင်း | အဖွဲ့ဝင် | ပဲခူးမြို့နယ် (၁) | အမျိုးသားဒီမိုကရေစီပါတီ |
| ၁၆ | ဦးသိန်းဖေ | အဖွဲ့ဝင် | ကန့်ဘလူ (၁) | တသီးပုဂ္ဂလ |
| ၁၇ | ဦးကျော်မင်း | အဖွဲ့ဝင် | ဘူးသီးတောင် (၁) | NDPHR |
| ၁၈ | ဦးထောင်ခိုထန့် | အဖွဲ့ဝင် | တမူးမြို့နယ် | UNLD |

❖ မြောက်ဦးမြို့နယ်၊ မဲဆန္ဒနယ် (၂) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ရခိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ စောမြအောင်အား ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီမှ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခဲ့သည်။

# ရွှေတာလှမ်းတိုးရန် နောက်နှစ် လှမ်းပြန်ဆုတ်



မစ္စတာရာဇာလီ

**ဖေဖော်ဝါရီ၊ (၂၄)ရက်။**

ဖေဖော်ဝါရီလ ကုန်ပိုင်းအတွင်း ရန်ကုန်မြို့သို့ သွားရောက်ရန် စီစဉ်ထားသည့်၎င်း၏ (၁၀)ကြိမ်မြောက်ခရီးစဉ်ကို ဧပြီလကုန်အထိ ရွှေ့ဆိုင်းလိုက်ကြောင်း မြန်မာ့အရေး ကြားဝင်စေ့စပ်ပေးနေသူ ကုလသမဂ္ဂအထူးသံ ကိုယ်စားလှယ် မစ္စတာ ရာဇာလီအစ္စမေးလ်၏ နီးစပ်သူများအဆို အရသိရသည်။

ပြီးခဲ့သည့်ရက်များအတွင်း ပြုလုပ်ခဲ့သည့် တိုကျိုအစည်းအဝေး အပြီးတွင် မစ္စတာရာဇာလီက ယခုလို ဆုံးဖြတ်ခြင်းဖြစ်ကြောင်း အဆိုပါသတင်းရပ်ကွက်က ပြောဆိုခဲ့ပြီး ကုလသမဂ္ဂ၊ မစ္စတာရာဇာလီနှင့် နအဖတို့၏ တရားဝင်ထုတ်ပြန်ချက်များမှာ ထွက်ပေါ်လာခြင်း မရှိသေးပေ။

ထိုသို့ခရီးစဉ် ရွှေ့ဆိုင်းလိုက်သည့်အပေါ် နိုင်ငံရေးလေ့လာသူများက ထင်မြင်ချက်ပေးခဲ့ရာတွင် နအဖစစ်အုပ်စုနှင့် အန်အယ်လ်ဒီတို့အကြား အခြေအနေများ တဖန် တင်းမာလာနေသည့် အတွက် အချိန်ယူ ပြင်ဆင်မှုပြုနိုင်ရန် ရွှေ့ဆိုင်းလိုက်ခြင်းဖြစ် နိုင်ကြောင်း သုံးသပ်ပြောဆိုခဲ့ကြသည်။

မစ္စတာရာဇာလီ၏ ခရီးစဉ်ရွှေ့ဆိုင်းလိုက်ခြင်းနှင့် ပတ်သက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ အတွင်းရေးမှူး ဦးအေးသာအောင်က လက်ရှိအာဏာပိုင်များသည် တိုင်းပြည်တွင် ဖြစ်ပွားနေသည့် ပကတိအခြေအနေကို ဖြေရှင်းရန်အတွက် တွေ့ဆုံဆွေးနွေးလိုသည့် ဆန္ဒမရှိသည့်အပေါ် မူတည်ပုံရကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ ❖

# ဒေါ်အောင်ဆန်းစုကြည်အား ထောင်ဒဏ် (၇)ရက်ချ

## မှန်ကန်မှုမရှိသည့် တရားစီရင်ရေးကို အန်အယ်လ်ဒီ မီးမောင်းထိုးပြ

**ဖေဖော်ဝါရီ၊ (၂၁)ရက်။**

လွန်ခဲ့သည့်နှစ်က မောင်တဝမ်းကွဲတော်စပ်သူတဦးနှင့် ဖြစ်ပွားခဲ့ရသည့် အမှုကိစ္စအတွက် ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်တရားရုံးက ဒေါ်အောင်ဆန်းစုကြည်အား ထောင်ဒဏ် (၇)နှစ်ချမှတ်ခဲ့ခြင်းသည် တရားမျှတမှုမရှိသော စီရင်ချက်ဖြစ်သည့်အပြင်၊ နိုင်ငံရေး သဘောဆောင်သည့် ထိုးနှက်ချက်တရပ်ဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြေညာချက်တစောင် ထုတ်ပြန်ခဲ့သည်။

အဆိုပါကြေညာချက်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် မောင်ဝမ်းကွဲ တော်စပ်သူ ဦးစိုးအောင်သည် မိဘများနှင့်ဆက်နွယ်၍ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံဝင်းအတွင်း သီးခြားအဆောက်အဦတွင် အခမဲ့ယာယီ နေထိုင်သူဖြစ်ကြောင်း ဖော်ပြထားသည်။ သို့ရာတွင် ဦးစိုးအောင်သည် (၈၊ ၅၊ ၂၀၀၂)ရက်နေ့က ဒေါ်အောင်ဆန်းစုကြည်ကို အသိမပေးဘဲ ၎င်းနေထိုင်ရာအဆောက်အဦကို ပြင်ဆင်ရန် ခြံဝင်းအတွင်းသို့ အလုပ်သမားများခေါ်လာသဖြင့် ဒေါ်အောင်ဆန်းစုကြည်က ကန့်ကွက်ပြောဆိုခဲ့သည်။ ထိုသို့ပြောဆိုမှုအပေါ် ဦးစိုးအောင်က မကျေနပ်သဖြင့် ဒေါ်အောင်ဆန်းစုကြည်ကို လက်သီးဖြင့်ထိုးခဲ့ရာ ဒေါ်အောင်ဆန်းစုကြည်၏ ဘယ်ဘက်ပါးကိုထိခိုက်ပြီး နောက်သို့ အနည်းငယ်ယိုင်သွားခဲ့သည့်အပြင် ပါးရောင်၍ နာကျင်မှုဖြစ်ခဲ့ရသည်။

ထိုကိစ္စနှင့်ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်၏ လုံခြုံရေးအတွက် ဦးစိုးအောင်ကို နေအိမ်ခြံဝင်းအတွင်း၌ ဆက်လက်နေထိုင်ခွင့် မပြုသင့်သဖြင့် ထွက်ခွာသွားရန် ပြောဆိုခဲ့သည်။ သို့သော် ဦးစိုးအောင်က ထွက်ခွာသွားခြင်းမရှိသည့်အတွက် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှလွတ်စဉ် (၆၊ ၅၊ ၂၀၀၂)ရက်နေ့ကတည်းက လုံခြုံရေးအတွက် အာဏာပိုင်များနှင့် ညှိနှိုင်းသဘောတူထားပြီးဖြစ်သည့်အတိုင်း ခြံဝင်း လုံခြုံရေး တာဝန်ယူထားသည့် သက်ဆိုင်ရာအာဏာပိုင်များထံ တင်ပြခဲ့သော်လည်း ၎င်းတို့က ပေးထားသည့်ကတိကိုချိုးဖောက်၍ တာဝန်ယူခြင်းမရှိခဲ့ပေ။ ထို့ကြောင့် အဖွဲ့ချုပ်ခေါင်းဆောင်များနှင့် ဒေါ်အောင်ဆန်းစုကြည်တို့က ဦးစိုးအောင်၏ လက်ရောက်ကျူးလွန်မှုကို ဗဟန်းမြို့နယ် ရဲစခန်းသို့ နေ့ချင်း အမှုဖွင့်တိုင်ကြားခဲ့သည်။

စာမျက်နှာ (၁၁)၊ ကော်လံ(၄) သို့ –

# ဘဏ် ငွေကြေးအကျပ်အတည်း စီးပွားရေးလုပ်ငန်းများ ရပ်ဆိုင်းသွားမည့် အရေးကြုံနေ





ကမ္ဘောဇဘဏ်နှင့် အာရှမနဘဏ်

**ဖေဖော်ဝါရီ၊ (၁၉–၂၃)ရက်။**

အကျိုးဆောင်လုပ်ငန်းများနှင့် အစုရှယ်ယာလုပ်ငန်းများ အရှုံးပေါ်၍ လုပ်ငန်း (၁၆)ခု ဒေဝါလီခံခဲ့ရာမှအစပြု၍ ပုဂ္ဂလိကဘဏ်များတွင် အပ်နှံထားသည့် ငွေများအား အလုအယက် ပြန်လည်ထုတ်ယူနေကြသည့်ကိစ္စနှင့်ပတ်သက်၍ နအဖက ဖေဖော်ဝါရီ (၁၀)ရက်နေ့က သတင်းစာရှင်းလင်းပွဲတရပ် ပြုလုပ်ခဲ့ရာ ဘဏ်လုပ်ငန်းများနှင့်ပတ်သက်၍ ယုံကြည်မှုရှိကြရန် အာမခံပြောကြားခဲ့သည်။

မြန်မာနိုင်ငံဗဟိုဘဏ်က ဖေဖော်ဝါရီ (၁၄)ရက်နေ့တွင် ပုဂ္ဂလိကဘဏ် (၂၀)ကို ရက်သတ္တပတ်အတွက် ကျပ် (၅)သိန်းထုတ်ပေးရန် ညွှန်ကြားထားသော်လည်း၊ ယခုနောက်ပိုင်း တပတ်လျှင် ကျပ် (၁)သိန်းပင် ထုတ်မပေးနိုင်သဖြင့် အချို့ဘဏ်များ ပိတ်လိုက်ရသည်ဟု ဆိုသည်။

ထိုသို့ အပ်နှံငွေအပြည့်အဝ ပြန်မပေးနိုင်တော့သည့်အတွက် မကျေနပ်မှုများ ဖြစ်ပေါ်လာခဲ့ရာ ရန်ကုန်၊ မန္တလေးနှင့် အခြားမြို့ကြီးများတွင် ရုန်းရင်းဆန်ခတ်မှုများ ဖြစ်ပွားလာခဲ့သဖြင့် စစ်တပ်နှင့် လုံထိန်းရဲများ အစောင့်အကြပ် ချထားခဲ့ရသည်။

ထိုသို့ ဘဏ်များ ငွေကြေးအကျပ်အတည်း ဖြစ်ပေါ်နေမှုကြောင့် ကုမ္ပဏီကြီးများ အပါအဝင် အခြားစီးပွားရေးလုပ်ငန်းများ၌ ငွေကြေးလည်ပတ်မှု ကမောက်ကမသွားသည့်အတွက် စီးပွားရေးလုပ်ငန်းများ အခက်အခဲများ ကြုံတွေ့နေရပြီး မကြာမီ၌ လုံးဝရပ်ဆိုင်းသွားမည့် အရိပ်လက္ခဏာများ ပေါ်ပေါက်နေကြောင်း သိရှိရသည်။

ဘဏ်များအကျပ်အတည်းနှင့် ရင်ဆိုင်နေရချိန်တွင် စစ်တပ်နှင့်ဌာနဆိုင်ရာများအကြား ငွေပြောင်းငွေလွှဲပြုလုပ်ပါက အာရှမနဘဏ်တွင် မပြုလုပ်ဘဲ၊ အင်းဝဘဏ်၌သာ ပြုလုပ်ကြရန် အာဏာပိုင်များက တီးတိုးညွှန်ကြားချက်များထုတ်ခဲ့သည်ဟု သိရသည်။

ထို့ပြင် ထလရ၊ စစစနှင့် နစရတပ်ရင်းများအနေဖြင့် မြို့နယ်များတွင် နေ့စဉ်ငွေသွင်းငွေထုတ်ပမာဏ၊ ငွေသွင်းငွေထုတ်သူလူဦးရေ၊ ဘဏ်အခြေအနေများနှင့်ပတ်သက်သည့် ထူးခြားမှုများကို ချက်ချင်းတင်ပြရန် ညွှန်ကြားထားကြောင်း သိရသည်။ ဗဟိုဘဏ်မှ ဘဏ်အားလုံးကို ဘဏ်လက်ကျန်ငွေ ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ် ၇/သုံးမှန်းချေစာရင်း၊ ငွေဈေး အတက်အကျကိစ္စများနှင့်ပတ်သက်ပြီး ညွှန်ကြားချက်များ ထုတ်ထားကြောင်းသိရသည်။

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ခင်ညွန့်က ဖေဖော်ဝါရီ(၂၂)ရက်နေ့တွင်ပြုလုပ်သည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးတွင် “ပုဂ္ဂလိကဘဏ်များနှင့်ပတ်သက်၍ ဖြစ်ပေါ်နေသော ကောလာဟလအမျိုးမျိုးကြောင့် ပြည်သူများ ဇဝေဇဝါဖြစ်ပြီး ဘဏ်အပ်ငွေများ ပြန်လည်ထုတ်ယူနေကြကြောင်း၊ အမှန်စင်စစ် ဘဏ်ဆိုသည်မှာ အာမခံချက်ရှိကြောင်း၊ နိုင်ငံတော်က ပြည်သူများ အခက်အခဲမရှိအောင် ပံ့ပိုးကူညီမှုများ ပြုလုပ်ပေးနေကြောင်း ပြောဆိုခဲ့သည်။ ❖